ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ခိုက်ရန်ငြင်းခုန်မှု ပြေငြိမ်းနိုင်**

ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့သည် မပြေငြိမ်းနိုင်ကုန်။ ဤလောက၌ ပညာရှိတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၆)

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ | 28, Tuesday June 2016 | (၈၆၀၆)

# (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

နောင်လာနောက်သားများ လွတ်လပ်ရေး၏တန်ဖိုးကို သိရှိတန်ဖိုးထား ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်နှင့် လွတ်လပ်ရေးမဆုံးရှုံးစေရေး အသက်ပေးကာကွယ် စောင့်ရှောက်သွားမည်ဟူသည့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်တိုးတက် မြင့်မားလာစေရေးအတွက်ရည်ရွယ်၍ အာဇာနည်နေ့အခမ်းအနားအား ကျင်းပသွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက (၆၉)နှစ်မြောက် အာဇာနည်နေ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**



၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးပြုလုပ်



**ရန်ကုန် ဇွန် ၂၇**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်သည်။**(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U)၏ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့်ပတ်သက်၍ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍**



ကြေးမုံ

## ဗြိတိန်ခွဲထွက်ရေးမှပေးသော အတွေးအမြင်များ

ဗြိတိန်လူထုက ဥရောပသမဂ္ဂမှ နုတ်ထွက်မည်ဟုဆုံးဖြတ်လိုက်သောအခါ အံ့သြတုန်လှုပ်မိပါသည်။ ဥရောပသမဂ္ဂမှ ခွဲထွက်ရန်ဆုံးဖြတ်လိုက်သော ဗြိတိန်လူထု၏ဆန္ဒမဲအရေအတွက်သည် တွဲရေးလိုလားသော ဗြိတိန်လူထု၏ ဆန္ဒမဲအရေအတွက်ထက် များစွာကွာခြားမှုမရှိသည်ကို သတိပြုမိပါသည်။ ဆန္ဒမဲအရေအတွက်အရ ပြောမည်ဆိုပါက ခွဲရေးသည်တွဲရေးထက် ဆန္ဒမဲ ၁၂၆၉၅၀၁ သာများခြင်းဖြစ်ပြီး ရာခိုင်နှုန်းအရ ပြောမည်ဆိုပါက ၃ ဒသမ ၈ ရာခိုင်နှုန်းသာ အသာရရှိခြင်းဖြစ်ပါသည်။ ဤလူထုဆန္ဒခံယူပွဲမှ ထွက်ပေါ်လာသော ဆန္ဒမဲများအရ ဗြိတိန်-ဥရောပသမဂ္ဂဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဗြိတိန်နိုင်ငံသည် နှစ်ပိုင်းကွဲနေသည်ဟု ပြောနိုင်ပါသည်။ ဗြိတိန်နိုင်ငံနှင့် ဥရောပတစ်တိုက်လုံးသာမက တစ်ကမ္ဘာလုံးကိုပါ ပြင်းထန်သောလျှပ်စစ်ခါယမ်းသကဲ့သို့ တုန်လှုပ်ချောက်ချားစေသောရလဒ်ကို ဤမျှသော ဆန္ဒမဲအသာဖြင့် ဆုံးဖြတ်ခဲ့ခြင်းသည် ပို၍တုန်လှုပ်ချောက်ချားစရာကောင်းသည်ဟု ခံစားရပါသည်။

မများလှသော အသာရဆန္ဒမဲတို့၏ ဆုံးဖြတ်ပြဋ္ဌာန်းချက်ဖြင့် ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှခွဲထွက်ရေးလုပ်ငန်းစဉ်တို့ကို စေ့စပ်ညှိနှိုင်းရတော့မည်ဖြစ်ပါသည်။ ဗြိတိန်နှင့်တကွ ဥရောပတစ်တိုက်လုံးသည် မရေရာသော အနာဂတ်ကာလတစ်ရပ်ကို ဖြတ်သန်းရတော့မည်ဖြစ်ပါသည်။ ဤမရေရာသော အနာဂတ်ကို ကျန်တစ်ကမ္ဘာလုံးလည်း အတူတကွ ဖြတ်သန်းရမည်မှာ သေချာနေပြီဖြစ်ပါသည်။ လန်ဒန်ထိပ်သီးကုမ္ပဏီတို့၏ စတော့ရှယ်ယာသည် ၃ ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းခဲ့သကဲ့သို့ ဝေါလ်စထရိစတော့ရှယ်ယာတို့သည်လည်း ၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ရှန်ဟိုင်းစတော့ရှယ်ယာဈေးနှုန်းတို့သည်လည်း ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေးဆုံးဖြတ်ချက်သည် တစ်ကမ္ဘာလုံးကိုကိုင်လှုပ်ခဲ့သည်မှာ ရှင်းလင်းမြင်သာသော အချက်ဖြစ်ပါသည်။ ဗြိတိန်အရေး ဗြိတိန်သာ ဆုံးဖြတ်ရမည်ဟူသော အမျိုးသားရေးဇာတိမာန် နှလုံးသားခံစားချက်တို့သည် ဥရောပတိုက်၏ တောက်ပြောင်သောအနာဂတ်ကို ဥရောပတိုက်သားတို့၏ စုစည်းညီညွတ်သောအင်အားဖြင့် ဖန်တီးရမည်ဟူသော ဉာဏ်ပညာအမြော်အမြင်ကို အလဲထိုးလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံရေးသုံးသပ်ဝေဖန်သူတို့က ဗြိတိန်၏နမူနာကို လိုက်ပါဆောင်ရွက်မည့် ဥရောပနိုင်ငံများရှိနေသည်ကို ထောက်ပြကြပါသည်။ ဤထောက်ပြချက်သာ မှန်ကန်ပါက ဥရောပသမဂ္ဂ ဗျူရိုကရေစီယန္တရား၏ကြိုးနီစနစ်သည် တင်းကျပ်လွန်းသည်ဆိုသော အယူအဆတို့အပေါ် အလေးအနက်ထားသုံးသပ်ရန် လိုအပ်မည်ဟု ယူဆမိပါသည်။

ဗြိတိန် ဥရောပသမဂ္ဂမှခွဲထွက်ရေး ကိစ္စရပ်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုရေးရာကိစ္စရပ်များ(သို့မဟုတ်) တိုင်းရင်းသားလူမျိုးစုရေးရာကိစ္စရပ်များကိုင်တွယ်ရာ၌ သတိထားသင့်သောကိစ္စရပ်များကို မီးမောင်းထိုးပြသနေသည်ဟု ယူဆမိပါသည်။ ဗြိတိန်သည် ဥရောပသမဂ္ဂမှခွဲထွက်မည်လား (သို့မဟုတ်) ဗြိတိန်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ဆက်နေမည်လားဟူသော လူထုဆန္ဒခံယူပွဲမေးခွန်းသည် ဗြိတိန်လူထုကို အစွန်းနှစ်ပါးသို့တွန်းပို့နေသည်ဟုခံစားမိပါသည်။ ဗြိတိန်လူထု၏ နစ်နာသည်ဟုခံစားရသော အချက်များအပေါ် ဥရောပသမဂ္ဂနှင့်ဆွေးနွေးညှိနှိုင်းရန်မည်မျှအချိန်ပိုယူမည်လားဟူသောမေးခွန်းမျိုးပါဝင်ပါက လူထုဆန္ဒခံယူပွဲ၏ရလဒ်သည် တစ်မျိုးတစ်ဖုံဖြစ်ကောင်းဖြစ်မည်ဟု ထင်မြင်မိပါသည်။ မြန်မာနိုင်ငံ၌လည်း ရှစ်ပြည်နယ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်မည်လား(သို့မဟုတ်) ပြည်တွင်းစစ်ဆက်ဆင်နွှဲမည်လားဟူသော အတွေးအမြင်သည် အဖြေမရနိုင်သောအစွန်းနှစ်ပါးသို့တွန်းပို့နေသကဲ့သို့ လက်နက်စွန့်မည်လား (သို့မဟုတ်)ငြိမ်းချမ်းရေးဆွေးနွေးပွဲထိုင်မည်လားဟူသော မေးခွန်းမျိုးသည်လည်း ပြည်တွင်းစစ်သံသရာဝဲသြဃအတွင်းသို့သာသက်ဆင်းစေမည်သာဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုတို့၏ ကိုယ့်ကြမ္မာကိုယ်ပြဋ္ဌာန်းပိုင်ခွင့်ကို မည်သို့မည်ပုံအကောင်အထည်ဖော်မည်ဟူသော ချဉ်းကပ်ပုံမျိုးသည်သာ စစ်မှန်သောအဖြေရရှိရေးအတွက် အခြေအနေကောင်းတို့ကို ဖန်တီးပေးမည်ဖြစ်ပါသည်။

အာဆီယံနိုင်ငံတို့ကြား စီးပွားရေးအနိမ့်အမြင့်ကွာခြားသည်ဖြစ်၍ အာဆီယံစီးပွားရေးရိုပ်မြုံ(ASEAN Economic Community)ကို အပြည့်အဝကျင့်သုံးဆောင်ရွက်သောအခါ အာဆီယံသည် ဥရောပသမဂ္ဂရင်ဆိုင်ရသော အလားတူပြဿနာတချို့ကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပစ္စုပ္ပန်အနေအထားပေါ် မူတည်စဉ်းစားပါက အခြားအာဆီယံနိုင်ငံများ၏ ပညာရှင်၊ ဝန်ထမ်း၊ လုပ်သားများက တိုင်းပြည်စီးပွားရေး၏ အချက်အချာနေရာများ၌ နေရာယူလျက် မြန်မာနိုင်ငံသား ပညာရှင်၊ ဝန်ထမ်း၊ လုပ်သားတို့က အမိန့်ပေးခံနေရာ(သို့မဟုတ်) ထောက်ပံ့ပြုနေရာများတွင်သာ လုပ်ကိုင်ရသော အနေအထားမျိုးဖြစ်လာနိုင်ပါသည်။ အာဆီယံစီးပွားရေးလုပ်ငန်းများက မြန်မာ့စီးပွားရေးကို ဝါးမျိုသွားခြင်းမျိုးလည်း ဖြစ်လာနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အတတ်ပညာ၊ ကျွမ်းကျင်မှု၊ ကုန်ထုတ်စွမ်းအား၊ အခြေခံအဆောက်အအုံစသည့် စသည့်လိုအပ်ချက်များကို အရှိန်အဟုန်မြှင့် ပျိုးထောင်တည်ဆောက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါသည်။ တိုင်းပြည်က ရင်ဆိုင်ရလျက်ရှိသော ပြဿနာအခက်အခဲများကို ကိုင်တွယ်ရာတွင် တိုင်းပြည်၏ ပကတိအခြေအနေအပေါ် မူတည်ပြီး လိုအပ်သလို အလျှော့အတင်းလုပ်ချိန်ဆကိုင်တွယ်ရန် ဗြိတိန်ခွဲထွက်ရေးက မီးမောင်းထိုးညွှန်ပြနေသည်ဟု ခံယူမိကြောင်း တင်ပြအပ်ပါသည်။ ။

## ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျိုက်ထီးရိုးစေတီတော်ကြီးသည် မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားစေတီများတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း ထင်ရှားကျော်ကြားပြီး မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ကောင်းသော သမိုင်းဝင်စေတီတော်ကြီးဖြစ်သဖြင့် သတင်း၊ ဂျာနယ်၊ အင်တာနက်ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်အသီးသီးတို့က ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၏ ဆောင်ရွက်ချက်အားနည်းမှုများအပေါ် မကြာခဏဆိုသလို ဝေဖန်လျက်ရှိခြင်းကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဂေါပကအဖွဲ့သစ်ရွေးချယ်၍ တာဝန်ပေးအပ်ရန် ဩဝါဒပေးလာကြောင်း ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များတည်ဆောက်ဖွင့်လှစ်နေမှု၊ တောင်တက်ကားများ ပြေးဆွဲနေမှုတို့နှင့်ပတ်သက်၍လည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်ထီးရိုးစေတီတော်ကြီးတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

နိဂုံးချုပ်အနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အတိုင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးစေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ မူလလက်ရာမပျက် ပိုမိုခိုင်ခံ့ကောင်းမွန်ရေး၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ဘုရားဖူးရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့ပြီး စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဂေါပကအဖွဲ့က စနစ်တကျ စိစစ်ကြပ်မတ်၍ ဆောင်ရွက်သွားရန်နှင့် စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘက်စုံကောင်းမွန်ရေးအတွက် တာဝန်ရှိသူများက အသီးသီးဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယူရိုငွေ ၃ ဒသမ ၁၅ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲပေါင်း ၆၀ ရောင်းချရ

**နေပြည်တော် ဇွန် ၂၇**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၃၅၃ တွဲကို တင်ဒါစနစ်ဖြင့် တင်သွင်းခဲ့ကြပြီး ၃၄ တွဲ ရောင်းချခဲ့ရသည်။

အလားတူ ကျောက်မျက်အတွဲ ၁၁၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ၂၆ တွဲ ရောင်းချခဲ့ရသည်။ သို့ဖြစ်၍ စုစုပေါင်းကျောက်မျက်အတွဲ ၆၀ မှ ယူရိုငွေ ၃ ဒသမ ၁၅ သန်းဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

ယမန်နေ့က ယူရို ၃ ဒသမ ၁၂ သန်းဖိုး ပုလဲအတွဲ ၃၁၂ တွဲကို ရောင်းချခဲ့ရသည်။ ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အခြေခံဈေးနှုန်း ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

❐ (၆၉)နှစ်မြောက်မှ

အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ကော်မတီများအလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပရေး အတွက် ကော်မတီများဖွဲ့စည်းခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လုံခြုံရေးဆိုင်ရာအစီအမံများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများထံ ဖိတ်ကြားရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

"JMC-U အစည်းအဝေးမှာ ဆွေးနွေးတဲ့ ကိစ္စရပ်တွေကို မနက်ဖြန်အစည်းအဝေးမှ သိနိုင်မယ်။ လောလောဆယ်တော့ JMC-S ပေါ့။ မွန်နဲ့ကရင်မှာ လုပ်ဖို့ရှိတယ်။ အခုလောလောဆယ် JMC အဖွဲ့တွေ ထပ်ဖွဲ့ဖို့ပဲရှိတယ်။ CSOs အဖွဲ့တွေကိုတော့ JMC နဲ့ပတ်သက်တာတွေ ဦးကိုကိုကြီးက ပြောပြပါလိမ့်မယ်။ လုပ်ငန်းတွေဖွဲ့စည်းဖို့၊ ရုံးအဖွဲ့ဖွဲ့ဖို့နဲ့ ငွေရေးကြေးရေးကိစ္စတွေ ဆွေးနွေးဖြစ်တယ်။ ငွေရေးကြေးရေးက အခုထိအဆင်ပြေတာ မဟုတ်သေးဘူး။ မနက်ဖြန်မှာတော့ JMC မှာ အရပ်သားအဖွဲ့က အရပ်သားပါဝင်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးမယ်" ဟုပြောသည်။

ဇွန် ၂၇ မှ ၂၈ ရက်နေ့အထိ နှစ်ရက်တာ ကျင်းပသွားမည့် ဆဋ္ဌမအကြိမ်မြောက် JMC-U အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် JMC-S အား ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် JMC-S ဖွဲ့စည်းနိုင်ရန် ခရီးစဉ်ဆွေးနွေးခြင်း၊ JMC-TSC ယာယီအဖွဲ့ရုံး၏ သုံးလတာနောက်ပိုင်းဖြစ်ပေါ်လာမည့် အခြေအနေများအပေါ် လုပ်ဆောင်ရမည့်အပိုင်းများ၊ JMC ၏လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် သုံးနှစ်စာဘတ်ဂျက်နှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲရန် အလုပ်အဖွဲ့ဖွဲ့စည်းရေးဆွေးနွေးခြင်း၊ အရပ်သားစောင့်ကြည့်ရေးဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးခြင်း၊ JMC ဆိုင်ရာအချက်အလက်စနစ် (database) တည်ထောင်ရန် အလုပ်အဖွဲ့ဖွဲ့စည်းရန် ဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေး(Demining) ကိစ္စအား ဆွေးနွေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက "အစည်းအဝေးက နှစ်ရက်လုပ်မှာ။ ဒီနေ့မှာ မပြီးပြတ်သေးတာတွေကို မနက်ဖြန်လည်း ဆက်ဆွေးနွေးဦးမှာ။ မနက်ဖြန်ပြီးမှပဲ ပြောတာကောင်းတယ်။ အရပ်သားစောင့်ကြည့်ရေးဆိုင်ရာကိစ္စကိုတော့ မနက်ဖြန်မှ ကျွန်တော်တင်ပြမယ်။ CSOs နဲ့ JMC-U က အရပ်သားကိုယ်စားလှယ်တွေ တွေ့တာတော့ ကျွန်တော်တွေ့ပြီးပြီ"ဟု ပြောသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် JMC-S အား ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းနိုင်ရန် ခရီးစဉ်ဆွေးနွေးခြင်းနှင့် ပတ်သက်၍ "ပြည်နယ်အဆင့် JMC-S ဖွဲ့ဖို့အတွက် အဓိကက မွန်နဲ့ကရင်ပဲ အရင်ဖြစ်မယ်ထင်တယ်။ လုပ်ဖြစ်ရင်တော့ ဇွန် ၂၉ နဲ့ ၃၀ လောက်မှာ စနိုင်မယ်ထင်တယ်။ ပဲခူးကတော့ မဖြစ်လောက်သေးဘူး"ဟု KNU/KNLA မှ စောအိုင်းဇက်ဖိုးက ပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ဆဋ္ဌမအကြိမ် ဒုတိယနေ့ အစည်းအဝေးကို ဇွန်၂၈ ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ- JMCU)**

# SMEs လုပ်ငန်းများ ချေးငွေရရှိရေး အသိပညာပေးဆွေးနွေး

**မန္တလေး ဇွန် ၂၇**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားဖွံ့ဖြိုးတိုးတတ်ရေးဌာန မြန်မာ့အာမခံလုပ်ငန်း SUMITOMO MITSUI Banking Corporation (SMBC) နှင့် သမဝါယမ CB ဘဏ်တို့ ပူးပေါင်း၍ Credit Guarantee Insurance စနစ်အသုံးပြုပြီး SMEs လုပ်ငန်းများ ချေးငွေရရှိနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေးစက်မှုဇုန် ကနောင်မင်းသားကြီး စက်မှုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာန ဗဟိုညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က SMEs လုပ်ငန်းများဖြစ်ကြောင်း ထောက်ခံပေးခြင်းနှင့် ၎င်းတို့ဌာနမှ လုပ်ဆောင်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်လှလှမွန်က Credit Guarantee Insurance in Myanmar အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမ CB ဘဏ် SMEs Banking ဌာနမှူး ဦးဇော်ဟန်ဦးက ချေးငွေထုတ်ချေးမည့်အစီအစဉ်များကိုလည်းကောင်း ဂျပန်နိုင်ငံ SUMITOMO MITSUI Banking Corporation မှ Senior Vice President Mr. Kenichi Izumi က Combination of Credit Guarantee Insurance and Two Step Loan အကြောင်းအား ရှင်းလင်းပြောကြားရာ တက်ရောက်လာသော SMEs လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

SMEs လုပ်ငန်းများမှာ စားသုံးသူဈေးကွက်သို့ရောက်ရှိမည့် ထုတ်လုပ်မှုကွင်းစက် Supply Chain တစ်လျှောက်လုံးတွင် ပါဝင်ပတ်သက်သူများဖြစ်သော စိုက်ပျိုးလုပ်ကိုင်သူများ၊ ထုတ်လုပ်သူများ၊ လက္ကားရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများနှင့် ဝန်ဆောင်မှုပေးသူများပါဝင်သည်။ ၂၀၁၄ ခုနှစ် မတ် ၆ ရက်တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၄)မှ သဘောတူညီချက်ဖြင့် ချေးငွေကျပ် ၂၀ ဘီလီယံအား အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှတစ်ဆင့် စတင်ထုတ်ချေးပေးလျက်ရှိသည်။ အဆိုပါအစီအစဉ်အား ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ODA ချေးငွေဖြင့် SME လုပ်ငန်းများအား ကူညီပံ့ပိုးပေးမည့် Two Step Loan အစီအစဉ်ဖြစ်သည်။ UNDP ၏အစီအစဉ်အရ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှဦးဆောင်၍ Financial Inclusion Roadmap နှင့် စပ်လျဉ်း၍ SMEs များအတွက် ပုဂ္ဂလိကဘဏ်များမှ ငွေကြေးအထောက်အပံ့ လွယ်ကူသက်သာစွာရရှိနိုင်မည့်နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် မြန်မာ့အာမခံလုပ်ငန်းမှ Credit Guarantee Insurance စနစ်ကိုအသုံးပြုပြီး ဂျပန်နိုင်ငံ SUMITOMO MITSUI Banking Corporation မှ Senior Vice President တို့ပူးပေါင်း၍ SME Member အဖြစ်အသိအမှတ်ပြုထောက်ခံပေးပြီး Cooperative Bank (CB) မှတစ်ဆင့် ချေးငွေထုတ်ပေးနိုင်ရန်လည်းစီစဉ်ပေးပြီး ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(၀၀၂)**

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ(UN)၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အကျဉ်းဦးစီးဌာန(အင်းစိန်)သို့ သွားရောက်၍ သိရှိလိုသည်များကို မေးမြန်းရာ အကျဉ်းဦးစီးဌာန(အင်းစိန်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ပြန်လည်ဖြေကြားသည်။

ထို့နောက် မစ္စယန်ဟီလီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ရောက်ရှိရာ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် တာဝန်ရှိသူများက ကော်မရှင်မှ ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကြသည်။

**(အပေါ်ယာပုံ)**



ထိုမှတစ်ဆင့် မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးသို့သွားရောက်ရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး (ခ) ဖိုးသောကြာနှင့် တာဝန်ရှိသူများက သတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းထားမှုနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မစ္စယန်ဟီလီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ သွားရောက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့ဂီတနေ့ အထိမ်းအမှတ်ပွဲတော် မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇွန် ၂၇**

မန္တလေးဂီတအစည်းအရုံးမှ ကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာ့ဂီတနေ့ အထိမ်းအမှတ်ပွဲတော်ကို မန္တလေးမြို့ (၂၆)လမ်းနှင့် (၇၅)လမ်းထောင့် YMCA ရှိ ဦးဘအုန်းခန်းမ၌ကျင်းပရာ ဂီတရပ်ဝန်းနယ်ပယ် အသီးသီးမှပညာရှင်များ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဂီတနှင့်ပတ်သက်သည့် မြန်မာ့ဂီတနေ့အဖြစ် နေ့တစ်နေ့ကို သတ်မှတ်သင့်ကြောင်း ဆုံးဖြတ်ခဲ့ရာ လွတ်လပ်ရေးမရမီခေတ်က မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အစည်းအဝေးပွဲကြီးတွင် ဝိုင်အမ်ဘီသခင်တင် ရေးသားစပ်ဆိုခဲ့သည့် 'တို့ဗမာ'သီချင်းအား ပထမဦးဆုံး စတင်သီဆိုခဲ့သည့် ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ၂၀၁၄ ခုနှစ် မြန်မာ့ဂီတနေ့ကျင်းပစဉ်က ရရှိခဲ့သော အလှူငွေများများကို ဘိုးဘွားရိပ်သာ၊ စစ်ကိုင်းနားမကြားသူများကျောင်း၊ ပန်းပျိုးသူတို့ စာသင်ဝိုင်းများသို့ လှူဒါန်းခြင်း၊ ၂၀၁၅ ခုနှစ် မြန်မာ့ဂီတနေ့ကရရှိခဲ့သည့် အလှူငွေများကို သုခရိပ်မြုံမိဘမဲ့ကလေးများကျောင်းသို့လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင်ရရှိမည့် အလှူငွေများကို ဇွန် ၂၈ ရက်တွင် စတင်ဖွဲ့စည်းမည့် "ဂီတလူငယ်များ ပရဟိတအဖွဲ့"သို့ လွှဲအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့အခမ်းအနားတွင် မြို့မအပျော်တမ်းတူရိယာအဖွဲ့၊ မြန်မာမှုတေးဂီတအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များက အခမ်းအနားတက်ရောက်လာသူများကို တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

"အဖွဲ့အစည်းဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် သတ်မှတ်နေ့တစ်နေ့ရှိသင့်ကြောင်း၊ ထိုနည်းတူ အဖွဲ့အစည်းတွင် ပါဝင်သူများအတွက် သာရေး၊ နာရေးမှအစပြုပြီး ကိစ္စအရပ်ရပ်တွင် အတူတကွပူးပေါင်းဆောင်ရွက်ရန် ပရဟိတအဖွဲ့အစည်းတစ်ရပ်လည်းရှိသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် မြန်မာ့ဂီတနေ့ဖြစ်ပေါ်လာပြီဖြစ်သကဲ့သို့ မန္တလေးမြို့တွင်လည်း ဂီတနယ်ပယ်မှလူများအတွက် ဂီတလူငယ်ပရဟိတအဖွဲ့ ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း" မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် မြို့မအပျော်တမ်းတူရိယာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာလှခိုင်တို့က မှတ်ချက်ပြုပြောကြားသည်။

**အေးမြ(မန္တလေး)**

# အီးယူမှ နုတ်ထွက်ပြီးနောက် ဝရုန်းသုန်းကားဖြစ်နေသည့် ဗြိတိန်နိုင်ငံရေး

**လန်ဒန် ဇွန် ၂၇**
ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် မဲပေးရွေးချယ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံရေးသည် ဝရုန်းသုန်းကားဖြစ်ကာ အခြေအနေဆိုးရွားလျက်ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက အီးယူတွင် ဗြိတိန်နိုင်ငံအဖွဲ့ဝင်အဖြစ်ဆက်လက်ပါဝင်ရေး မဲဆွယ်စည်းရုံးမှု မအောင်မြင်ပါက အောက်တိုဘာလတွင် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာထားသည့်အတွက် ၎င်းနေရာဆက်ခံမည့်သူကိုလည်း ရွေးကောက်တင်မြှောက်ကြရဦးမည်ဖြစ်သည်။



အီးယူမှ ဗြိတိန်နုတ်ထွက်ရေး အဓိကလှုံ့ဆော်ခဲ့သူ လန်ဒန်မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်သည် ဝန်ကြီးချုပ်ရာထူးအတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။ သို့သော် အီးယူအဖွဲ့ဝင်အဖြစ်ဆက်လက်ပါဝင်ရေး ထောက်ခံမဲများကို ရုတ်တရက်လျော့နည်းသွားအောင် စွမ်းဆောင်ခဲ့သည့်သူကို ကွန်ဆာဗေးတစ်များက ပြစ်တင်ဝေဖန်လျက်ရှိကြသည်။ ဝန်ကြီးချုပ်ရာထူးကို ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံမည့် အခြားသူများသည်လည်း ပါတီတွင်း၌ အီးယူအဖွဲ့နှင့် ခွဲရေး၊ တွဲရေး နှစ်ခြမ်းကွဲနေမှုကြောင့် မည်သူမျှထောက်ခံမှု အခိုင်အမာမရရှိကြပေ။

အီးယူမှ ခွဲထွက်ရေးမဲရလဒ်ကို မကျေနပ်သူများကလည်း ဒုတိယအကြိမ်ဆန္ဒခံယူပွဲ ကျင်းပပေးရန် တောင်းဆိုနေကြသကဲ့သို့ မြောက်အိုင်ယာလန်ကလည်း ဗြိတိန်နိုင်ငံမှ ခွဲထွက်ပြီး အီးယူနှင့်ပူးပေါင်းရန် ဆန္ဒခံယူပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလာသည်။ ထို့ပြင် ဗြိတိန်သုံး ပေါင်ငွေတန်ဖိုးသည်လည်း နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံးအခြေအနေထိ ကျဆင်းသွားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ဓားစာခံဖြစ်နေရသူ လူ ၅၀၀၀ ကျော်ကို နိုင်ဂျီးရီးယား တပ်မတော် ကယ်တင်

**လေဂို့စ် ဇွန် ၂၇**
ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့က ထိန်းသိမ်းထားသော လူ ၅၀၀၀ ကျော်ကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်ဘက်က ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းက ပြုလုပ်သော စစ်ဆင်ရေးအတွင်း ဓားစာခံဖမ်းခံခဲ့ရသူများ လွတ်မြောက်လာခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားတပ်မတော်သည် ယမန်နှစ်အတွင်း ဘိုကိုဟာရမ်အဖွဲ့လက်အောက်၌ ရောက်ရှိနေသောနယ်မြေအများစုကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ နိုင်ဂျီးရီးယားတပ်မတော်သည် အိမ်နီးချင်းနိုင်ငံများမှ တပ်ဖွဲ့များ၏ အကူအညီကို ရံဖန်ရံခါတွင်ရရှိသည်။

ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့သည် အစ္စလာမ့်နိုင်ငံထူထောင်ရေး ရည်ရွယ်ချက်ဖြင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ဝေးလံသီခေါင်သော အရှေ့မြောက်ပိုင်းဒေသတွင် ခုနစ်နှစ်ကြာကာလပတ်လုံး စစ်ဆင်နွှဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်သူ ၁၅၀၀၀ ကျော်သေဆုံးခဲ့ကြပြီး နှစ်သန်းခန့်မှာ အိမ်နီးချင်းနိုင်ငံများဖြစ်သော ချဒ်၊ နိုင်ဂျာနှင့် ကင်မရွန်းနိုင်ငံတို့သို့ တိမ်းရှောင်ခိုလှုံနေခဲ့ကြရသည်။

**ရိုက်တာ။**

# ကြယ်လိပ်အရှင်များသယ်ဆောင်လာသူအား စင်ကာပူအာဏာပိုင်များ ဖမ်းဆီး

**စင်ကာပူ ဇွန် ၂၇**
ကြယ်လိပ်အရှင် ၂၂ ကောင် သယ်ဆောင်လာသော အသက် (၄၉) နှစ်အရွယ်ရှိ စင်ကာပူနိုင်ငံသားတစ်ဦးကို လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာပိုင်အဖွဲ့ (ICA) မှ တာဝန်ရှိသူများက ဖမ်းဆီးခဲ့ကြောင်း ICAနှင့် လယ်ယာထွက်စားသောက်ကုန်နှင့် တိရစ္ဆာန်အာဏာပိုင်အဖွဲ့(AVA) တို့က ဇွန် ၂၇ ရက်တွင် ပူးတွဲထုတ်ပြန်ချက်တစ်ခု၌ပြောကြားသည်။

ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက ဝုလန်စ်စစ်ဆေးရေးဂိတ်သို့ဆိုက်ရောက်လာခဲ့သော အမျိုးသားတစ်ဦးမောင်းနှင်ပြီး စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့်ကားတစ်စီးအားထပ်မံစစ်ဆေးရန်အတွက် လွှဲအပ်ခဲ့ကြောင်း ICA က ပြောကြားသည်။ အဆိုပါကားကို စစ်ဆေးရာတွင် ကားနောက်ခန်းထဲရှိအိတ်များကြား အိတ်တစ်လုံးအတွင်း ကြယ်လိပ်အရှင် ၂၂ ကောင်ကို ICA အရာရှိများက ရှာဖွေတွေ့ရှိခဲ့သည်။ ပူးတွဲထုတ်ပြန်ချက်၏ အဆိုအရ ယင်းကိစ္စကို AVA သို့ ချက်ချင်းအကြောင်းကြားပြီး စင်ကာပူနိုင်ငံသား ကားမောင်းသူနှင့် လိပ်များကို အာဏာပိုင်များထံသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း သိရသည်။

ကြယ်လိပ်များကို မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်များ ရောင်းဝယ်ဖောက်ကားမှု အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (CITES)အရ ကာကွယ်စောင့်ရှောက်ထားပြီး ယင်းကွန်ဗင်းရှင်းတွင် စင်ကာပူနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မျိုးသုဉ်းပျောက်ကွယ်တော့မည့်မျိုးစိတ်များ (တင်သွင်းခြင်းနှင့်တင်ပို့ခြင်း) အက်ဥပဒေအရ ကြယ်လိပ်များတင်သွင်းမှုနှင့်တင်ပို့မှု၊ ပြန်လည်တင်ပို့မှုပြုလုပ်ပါက CITES ၏ ခွင့်ပြုချက်များလိုအပ်ပါသည်။ အဆိုပါအက်ဥပဒေ ချိုးဖောက်သူများကို စင်ကာပူဒေါ်လာ ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၆၈၇၀)ထိ ဒဏ်ရိုက်နိုင်ပြီး ထောင်ဒဏ် နှစ်နှစ်ထိချမှတ်နိုင်သည်။

**ဆင်ဟွာ။**




# တူရကီနှင့် ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရန် သဘောတူညီချက် အစ္စရေး စီးပွားရေးကို မြှင့်တင်နိုင်မည်ဆို

**ဂျေရုဆလင် ဇွန် ၂၇**
အစ္စရေးနှင့် တူရကီနိုင်ငံအကြား ဆက်ဆံရေးပုံမှန် ပြန်လည်ထူထောင်ရန် သဘောတူညီချက်ရရှိခြင်းသည် အစ္စရေးနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇွန် ၂၇ ရက်တွင် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသည် တူရကီနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက အတည်ပြုပြောကြားသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် အီတလီနိုင်ငံ ရောမမြို့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်လည်းကောင်း၊ အီတလီဝန်ကြီးချုပ် မာတီယိုရန်ဇီနှင့်လည်းကောင်း ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အစ္စရေးနှင့် တူရကီနိုင်ငံတို့သည် ၂၀၁၀ ပြည့်နှစ်က ဆက်ဆံရေး ထိခိုက်ခဲ့ရပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်ပြန်လည် ပြုလုပ်သွားရန် ဇွန် ၂၆ ရက်က သဘောတူညီမှုရရှိခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက အစောပိုင်းတွင် ပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ်က ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်မောင်းနှင်နေသော တူရကီ အကူအညီပေးရေး ရေယာဉ်တစ်စင်းကို အစ္စရေးရေတပ် တပ်ဖွဲ့ဝင်များက စီးနင်းဖမ်းဆီးခဲ့သည့် ဖြစ်ရပ်အပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါဖြစ်စဉ်တွင် ပါလက်စတိုင်းလိုလားသော တူရကီနိုင်ငံရေး လှုပ်ရှားသူ ၁၀ ဦး သေဆုံးခဲ့ရသည်။ အဆိုပါရေယာဉ်သည် အစ္စရေး၏ ပိတ်ဆို့မှုကို ခံထားရသော ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်ခုတ်မောင်းနေစဉ် အစ္စရေးရေတပ်၏ စီးနင်းဖမ်းဆီးမှုနှင့် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသ၌ ဆီးရီးယား ပြည်တွင်းစစ်အပေါ် အကြောင်းပြု၍ နိုင်ငံများအကြား ခါးခါးသီးသီး သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ရပြီး အိုင်အက်စ်အဖွဲ့ကို အကြောင်းပြု၍ လုံခြုံရေးအန္တရာယ်များ တိုးပွားလာနေချိန်တွင် ကြုံတောင့်ကြုံခဲ ပြန်လည်သင့်မြတ်မှုအဖြစ် အစ္စရေးနှင့်တူရကီတို့၏ ဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရောမမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားသူပုန်များထံ စီအိုင်အေပေးပို့ခဲ့သော လက်နက်များ မှောင်ခိုဈေးကွက်သို့ ရောင်းချခဲ့ဟုဆို

**ဝါရှင်တန် ဇွန် ၂၇**
အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ဆီးရီးယားသူပုန်များအတွက် ဂျော်ဒန်နိုင်ငံသို့ တင်ပို့ပေးခဲ့သော လက်နက်များကို ဂျော်ဒန်ထောက်လှမ်းရေး အရာရှိများက ခိုးယူကာ မှောင်ခိုဈေးကွက်တွင် လက်နက်ကုန်သည်များထံ ရောင်းချခဲ့ကြောင်း အမေရိကန်နှင့် ဂျော်ဒန်တာဝန်ရှိသူများအား ကိုးကားလျက် နယူးယောက်တိုင်း သတင်းစာက ရေးသားဖော်ပြသည်။ သို့ရာတွင် သတင်းစာပါ ဖော်ပြချက်နှင့်ပတ်သက်၍ စီအိုင်အေက လတ်တလောဝေဖန်ပြောကြားခြင်းမရှိပေ။

ခိုးယူခံခဲ့ရသော လက်နက်များအနက် အချို့ကို နိုဝင်ဘာလက ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ရှိ ရဲလေ့ကျင့်ရေး ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတစ်ရပ်တွင် အသုံးပြုခဲ့ကြောင်း နယူးယောက်တိုင်းသတင်းစာနှင့် အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားဌာနတို့က ပူးတွဲပြုလုပ်သော စုံစမ်းလေ့လာမှုအရ သိရသည်။

အမေရိကန်၏ ရန်ပုံငွေဖြင့် ဖွင့်လှစ်ထားသော နိုင်ငံတကာ ရဲလေ့ကျင့်ရေး သင်တန်းကျောင်း၌ အပြန်အလှန် ပစ်ခတ်မှုတွင် ဂျော်ဒန်ရဲအရာရှိတစ်ဦးက အမေရိကန်အစိုးရ လုံခြုံရေးဆိုင်ရာ ကန်ထရိုက်လုပ်ငန်းရှင် နှစ်ဦး၊ တောင်အာဖရိကသင်တန်းမှူးတစ်ဦးနှင့် ဂျော်ဒန်နိုင်ငံသား နှစ်ဦးတို့ကို သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး ၎င်းမှာလည်း သေဆုံးခဲ့ကြောင်း၊ လူလေးဦးထက်မနည်းမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဂျော်ဒန်အာဏာပိုင်များက နိုဝင်ဘာလတွင် ပြောကြားခဲ့ကြသည်။

အငြင်းပွားမှု တစ်ခုကြောင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားသည်ဟု ယူဆရသော်လည်း ဖြစ်စဉ်၏ အကြောင်းတရားများကို အတိအကျ မသိရပေ။

**ရိုက်တာ။**

❐

# သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အာကာသနည်းပညာ အသုံးချဆောင်ရွက်နိုင်ရေး အကြံပြုအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အာကာသနည်းပညာကို ပိုမိုအသုံးချဆောင်ရွက်နိုင်စေရန် ဌာနအဖွဲ့အစည်းအသီးသီးအနေဖြင့် အာကာသနည်းပညာအသုံးပြု၍ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာနိုင်စေရန်နှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ဖော်ထုတ်ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့အခြေစိုက် United Nations Platform for Space-based Information for Disaster Management and Emergency Response(UN-SPIDER)တို့ ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အာကာသနည်းပညာအသုံးချဆောင်ရွက်နိုင်ရေး အကြံပြုအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ **(အပေါ်ယာပုံ)** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့အချိန်ကာလတွင် နည်းပညာနှင့် ပတ်သက်သောအသိပညာဗဟုသုတများ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ထွန်းလျက်ရှိသလို တစ်ဖက်တွင်လည်း ဆုံးရှုံးမှုများသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိနေကြောင်း၊ နည်းပညာတိုးတက်မှုကို အသုံးချပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများ နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် National Spatial Data Infrastructure (NSDI) စီမံကိန်း၊ One Map Myanmar Project တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်လည်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းအဆင့်တိုင်းတွင် ဂြိုဟ်တုပုံရိပ်သုံး နည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information System - GIS) တို့ကိုပေါင်းစပ်အသုံးချဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် နည်းပညာများ တိုးတက်အသုံးချနိုင်ရေး၊ ချိတ်ဆက်ဆောင်ရွက်မှုများအားကောင်းလာစေရေးနှင့် ရှိနှင့်ပြီးသားစွမ်းဆောင်ရည်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ UN-SPIDER, UNISDR, UN-Habitat, ICIMOD, ADPC, Digital Globe နှင့် NDRCCမှ တာဝန်ရှိသူများ၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့်ဌာနဆိုင်ရာအဖွဲ့အစည်း (၁၄)ခုမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး "Training on Landslide Hazard and Damage Assessment" လေးရက်ကြာသင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

ပြင်ဦးလွင် ဇွန် ၂၇

**ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကိုရှေးရှုပြီး စိတ်ကောင်းစေတနာကောင်းဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကြိုးစားထမ်းဆောင်ကြပါဟု တိုက်တွန်းကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။**



ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက Wisdom ဟူသော ထိုးထွင်းသိပညာသည် "အမှား၊ အမှန်"ကို ကောင်းစွာခွဲခြားသိရှိ၊ လိုက်နာနိုင်ခြင်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်သည် "ချွန်" ရုံမျှသာ မဟုတ်ဘဲ အမှန်တကယ် "လူတော်"ဖြစ်ခဲ့ပါက "အမှန်၊ အမှား"ကို ကောင်းစွာခွဲခြားနိုင်သည့်အပြင် လိုက်ပါကျင့်သုံးနိုင်မည်လည်းဖြစ်ကြောင်း၊ လူကောင်းရုံမျှဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ပါကြောင်း၊ ကိုယ်ကျိုးစီးပွား အခြေမခံကြရန်အတွက် လူတော်များက လူကောင်းဖြစ်ရန် လိုအပ်ပါကြောင်း၊ အခြေခံအကျဆုံးသော အရည်အချင်းမှာ မြင်သိခံယူမှု "Perception" မှန်ကန်ရန်ဖြစ်ပြီး၊ မှန်ခြင်း၊ မှားခြင်းကိုလည်း ကောင်းစွာခွဲခြားနိုင်ကြရန် လိုသည်ဟုမြင်ပါကြောင်း၊ အခြေခံကျသော Perception ကို အမှန်တကယ် မပြောင်းလဲနိုင်ပါက Mindset တို့လည်း ပြောင်းနိုင်မည်မဟုတ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်တို့အတွက် မတရားသောအကျိုးစီးပွားကို စွန့်လွှတ်နိုင်သော စိတ်အခံကို အမှန်တကယ်ပြောင်းလဲကြပါဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်များမှ ဝန်ထမ်းများသည် ပြည်သူ့အတွက် ပြည်သူ့ဝန်ကိုထမ်းသည့်ပုဂ္ဂိုလ်များဆိုသည်ကို ပြည်သူများယုံကြည်နိုင်အောင် ဝန်ထမ်းများဘက်က လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် မိမိတစ်ဦးတည်းလုပ်၍မရကြောင်း၊ ပါတီအဖွဲ့အစည်းတစ်ခု၊ အစိုးရတစ်ခုတည်းလုပ်၍လည်း မရနိုင်ကြောင်းနှင့် ပြည်သူလူထုအားလုံးပါဝင်မှ ဖြစ်နိုင်ကြောင်း၊ မြန်မာ့နိုင်ငံရေး၏ အပြောင်းအလဲရလဒ်သည် တည်ငြိမ်မှုမှတစ်ဆင့် ထွက်ပေါ်လာရသော ရလဒ်ဖြစ်ကြောင်းကို ကောင်းစွာသတိပြုရမည်ဖြစ်ပါကြောင်း၊ Change Process တွင် Refreeze ဟုဆိုသည့် ထိန်းချုပ်နိုင်သည့်အခြေအနေဖြင့် အပြောင်းအလဲကိုကျော်ဖြတ်ပါက တည်ငြိမ်မှုကောင်းများဖြင့် ဆန္ဒရှိသောအခြေအနေတစ်ရပ်သို့ အောင်မြင်စွာရောက်ရှိနိုင်မည် ဖြစ်ကြောင်း၊ အပြောင်းအလဲအား စီမံခန့်ခွဲခြင်းတွင် မျှော်မှန်းချက်၊ ကျွမ်းကျင်မှု၊ မက်လုံး၊ ရင်းမြစ်များ၊ လက်တွေ့အစီအစဉ်စသည့် အခြေခံငါးချက်နှင့်ပြည့်စုံလျှင် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံရေး စီမံခန့်ခွဲခြင်းတွင်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးတွဲဆောင်ရွက်ခြင်း၊ အပေးအယူလုပ်ခြင်း စသည့် အခြေခံအချက်များသည် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းများ၏ ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အရည်အသွေး ပြည့်ဝမှုများကို ထိန်းသိမ်းမြှင့်တင်ပေးရန် အဓိကဦးစားပေးပြီး အရာထမ်းလောင်း အခြေခံသင်တန်းကို ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် တက်ရောက်စေပြီး ဘွဲ့လွန်ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သကဲ့သို့ ပုံမှန်ဖွင့်လှစ်နေသည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းတွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအနေဖြင့် မသိမဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေ၊ ပြည်သူ့အုပ်ချုပ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လာရောက်ဆွေးနွေး ပို့ချသွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများမှပညာရှင်များလည်း ပါဝင်ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာရှိကြီး ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တက္ကသိုလ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်နိုင်ရန်အတွက် သင်တန်းသားများထားရှိမည့် သင်တန်းသားနှစ်ထပ်အိပ်ဆောင်များ၏ အခန်းဖွဲ့စည်းထားရှိမှု အခြေအနေများ၊ သင်တန်းသား ၂၀၀ ဆံ့ အိပ်ဆောင်များ၊ သင်ကြားပို့ချမည့် စာသင်ဆောင်များနှင့် ကွန်ပျူတာ နှစ်ထပ်စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမျိုးအေးအား ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**




မရမ်းကုန်းမြို့နယ် (၈)မိုင် ကမ္ဘာအေးဘုရားလမ်း ကမ္ဘာအေးဗိလာအိမ်ရာ ကွန်ဒို(အီး) အခန်း(၃၀၃)နေ ဦးလေးလွင်-ဒေါ်ဂျူလီကြင်တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ကျောက်ကပ် သွေးသန့်စင်စက်တစ်လုံးအတွက် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံယူစဉ်။ (ကြေးမုံ)

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

**မူဆယ် ဇွန် ၂၇**

(၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်က မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားသည်။

အထိမ်းအမှတ် ပိုစတာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲ၏ ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေကို တက်ရောက်လာသူများက အသီးသီးဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများသည် မြို့တော်ခန်းမရှိ မူးယစ်ဆေးဝါး အသိပညာပေးခန်းမဆောင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ထို့နောက် မူးယစ်တပ်ဖွဲ့စု ၂၂ (မူဆယ်)မှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များဝေငှကြောင်း သိရသည်။ **(၀၁၁၂)**

# ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းများ လုံခြုံရေးကောင်စီရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

ဟန်သိန်းကျော်
(မဟာဥပဒေ)

မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံ (General Assembly) အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အကြိမ်(၇၀) ပြည့်မြောက်ပြီ ဖြစ်သည်။ အကြိမ်(၇၀)မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှ လာမည့် (၂၀၁၇-၂၀၁၈) ခုနှစ် သက်တမ်းကာလအတွက် တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များ (non-permanent members) ကို ရွေးကောက်တင်မြှောက်မည့် ရွေးကောက်ပွဲတစ်ရပ်ကို **၂၀၁၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့**တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။

ယခုနှစ်တွင် ကျင်းပမည့် လုံခြုံရေးကောင်စီ ရွေးကောက်ပွဲသည် ထူးခြားသည့် ရွေးကောက်ပွဲတစ်ရပ်ဟု ဆိုနိုင်သည်။ အကြောင်းရင်းမှာ ပြီးခဲ့သည့် နှစ်ပေါင်း (၇၀)အတွင်း ကုလသမဂ္ဂလုပ်ထုံးလုပ်နည်းများအရ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲကို နှစ်စဉ်နှစ်တိုင်း ယေဘုယျအားဖြင့် အောက်တိုဘာလ၌သာ ကျင်းပလေ့ရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်မှသာ ပထမဦးဆုံးအကြိမ်အဖြစ် လုပ်ရိုးလုပ်စဉ်ထက် ထပ်မံ၍ လေးလ ကြိုတင်ကာ ဇွန်လအတွင်း ကျင်းပသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာသည့်အတွက် ဖြစ်သည်။ (မှတ်ချက်။ ကုလသမဂ္ဂသမိုင်းတွင် ကုလသမဂ္ဂ စတင်တည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ်မှစတင်၍ ၁၉၄၆ ခုနှစ်တွင်သာ လုံခြုံရေးကောင်စီ၏ ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲကို ဇန်နဝါရီလ၌ ကျင်းပခဲ့ပြီး ယင်းနောက်ပိုင်းကာလများတွင် နှစ်စဉ် အောက်တိုဘာလ၌သာ ကျင်းပခဲ့သည်။) ရွေးကောက်ပွဲကို တာဝန်ထမ်းဆောင်ခြင်းမပြုမီ ခြောက်လတာကာလ ကြိုတင်ကျင်းပခြင်းဖြင့် ရွေးကောက်တင်မြှောက်ခံနိုင်ငံများအနေဖြင့် ယင်းတို့သက်တမ်းအတွက် ကြိုတင်ပြင်ဆင်ရန် အချိန်ပိုမိုရရှိလာမည်ဖြစ်သည်။ ယခုနှစ် ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရမည့် နိုင်ငံများအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

ကုလသမဂ္ဂ၏ ပထဝီဒေသ သာတူညီမျှ ခွဲဝေ၍ တာဝန်ထမ်းဆောင်ရေး (equitable geographical distribution) မူအရ ယခုနှစ်တွင် လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နေရာကို ကုလသမဂ္ဂ၏ သတ်မှတ်ထားသည့် ဒေသအုပ်စုကြီးများဖြစ်သော အာဖရိကအုပ်စုမှ လစ်လပ်နေရာ တစ်နေရာအတွက် အီသီယိုပီးယားနိုင်ငံမှလည်းကောင်း၊ အာရှ-ပစိဖိတ်အုပ်စုမှ လစ်လပ်နေရာ တစ်နေရာအတွက် ထိုင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံမှလည်းကောင်း၊ လက်တင်အမေရိကနှင့် ကာရေဘီယံအုပ်စုမှ လစ်လပ်နေရာ တစ်နေရာအတွက် ဘိုလီဗီးယားနိုင်ငံမှလည်းကောင်း၊ အနောက်ဥရောပနှင့် အခြားအုပ်စုမှ လစ်လပ်နေရာ နှစ်နေရာအတွက် အီတလီနိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသွားရန်အတွက် အမည်စာရင်းတင်သွင်းထားသည်။ အရှေ့ဥရောပအုပ်စုအတွက်မူ ယခုနှစ်တွင် လစ်လပ်နေရာမရှိသေးကြောင်း သိရှိရသည်။ ၂၀၁၆ ခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည့် လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများမှာ အင်ဂိုလာနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် စပိန်နိုင်ငံတို့ ဖြစ်ကြသည်။

ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံများ၏ လုံခြုံရေးကောင်စီဆိုင်ရာ အတွေ့အကြုံများကို လေ့လာကြည့်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် တစ်ကြိမ်၊ အီသီယိုပီးယားနိုင်ငံနှင့် ဘိုလီဗီးယားနိုင်ငံတို့အနေဖြင့် နှစ်ကြိမ်စီ၊ ဆွီဒင်နိုင်ငံအနေဖြင့် သုံးကြိမ်၊ နယ်သာလန်နိုင်ငံအနေဖြင့် ငါးကြိမ်၊ အီတလီနိုင်ငံအနေဖြင့် ခြောက်ကြိမ်တိတိ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း တွေ့ရှိရသည်။ ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံများအနက် ကာဇက်စတန်နိုင်ငံ တစ်နိုင်ငံတည်းသာ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် တစ်ကြိမ်တစ်ခါမျှ တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းမရှိကြောင်း သိရှိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၌ လက်ရှိကာလတွင် အဖွဲ့ဝင် စုစုပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် အဖွဲ့ဝင်နိုင်ငံ ၆၈ နိုင်ငံသည် လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် တစ်ကြိမ်တစ်ခါမျှ တာဝန်ထမ်းဆောင်ဖူးခြင်း မရှိသေးသည်ကို လေ့လာတွေ့ရှိရပြီး မြန်မာနိုင်ငံသည်လည်း ယင်း ၆၈ နိုင်ငံစာရင်း၌ ပါဝင်သည်။

**ကုလသမဂ္ဂပဋိညာဉ်၏ အပိုဒ် ၁၈ (၂)** ပါ ပြဋ္ဌာန်းချက်များအရ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိရန်အတွက် ဝင်ရောက်ယှဉ်ပြိုင်သောနိုင်ငံများသည် ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေးအတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲ၌ တက်ရောက်မဲပေးကြသည့် အဖွဲ့ဝင်နိုင်ငံ သုံးပုံနှစ်ပုံ၏ ထောက်ခံမဲရရှိရန် လိုအပ်သည်။ ယေဘုယျအားဖြင့် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံစလုံးမှ တက်ရောက်မဲပေးခဲ့ပါက ထောက်ခံမဲ ၁၂၉ မဲ ရရှိမှသာ ရွေးကောက်တင်မြှောက်ခံရမည် ဖြစ်သည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ ဒေသအုပ်စုကြီးများအလိုက် လစ်လပ်နေရာသို့ ပြိုင်ဘက်မရှိဘဲ ဝင်ရောက်ယှဉ်ပြိုင်သောနိုင်ငံများသည်လည်း လုံလောက်သော ထောက်ခံမဲအရေအတွက်ရရှိမှသာ ရွေးကောက်တင်မြှောက်ခံရမည် ဖြစ်သည်။ (မှတ်ချက်။ ၁၉၇၉ ခုနှစ်၌ ကျင်းပခဲ့သည့် လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ရွေးကောက်ပွဲ၌ လက်တင်အမေရိကနှင့်ကာရေဘီယံအုပ်စုမှ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံများအကြား လုံလောက်သောထောက်ခံမဲအရေအတွက် မရရှိသဖြင့် အဆိုပါရွေးကောက်ပွဲကို အကြိမ်ပေါင်း ၁၅၅ ကြိမ်၊ ရက်သတ္တပတ်အားဖြင့် ၁၁ ပတ်ကြာမျှ ပြုလုပ်ခဲ့ရပြီး ကုလသမဂ္ဂသမိုင်းတွင် အကြာမြင့်ဆုံး ပြုလုပ်ခဲ့ရသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ယနေ့တိုင် မှတ်တမ်းဝင်ခဲ့သည်။)

လုံခြုံရေးကောင်စီ ရွေးကောက်ပွဲများကို တရားဝင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး **ကုလသမဂ္ဂပဋိညာဉ်၏ အပိုဒ် ၁၉** ပါ ပြဋ္ဌာန်းချက်များအရ ကုလသမဂ္ဂသို့ ထည့်ဝင်ကြေးပေးသွင်းရန် နှစ်နှစ်ဆက်တိုက် ကြွေးကျန်ရှိသော အဖွဲ့ဝင်နိုင်ငံများသည် ယေဘုယျအားဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမည် ဖြစ်သည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံဖြစ်သည့် ဗီတိုအာဏာပိုင်ဆိုင်သည့် ဗျူဟကျသော လက်နက်များ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိထားသည့် တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ကို ကုလသမဂ္ဂမျက်နှာစာတွင် အတိုကောက်အားဖြင့် Permanent-5 (P-5) ဟုလည်းကောင်း၊ နှစ်နှစ်တာ ကာလကိုသာ ယှဉ်ပြိုင်၍ ရွေးကောက်တင်မြှောက် တာဝန်ထမ်းဆောင်ရသည့် လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံကို Elected-10 (E-10) ဟုလည်းကောင်း အခါအားလျော်စွာ ခေါ်ဝေါ်သုံးနှုန်းကြသည်။ ယင်းကဲ့သို့ အမြဲတမ်းနှင့် အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ဗြိတိန်ဝန်ကြီးချုပ်ဟောင်း Harold Macmillan က ကမ္ဘာ့အစိုးရအဖွဲ့ (the Cabinet of the World) ဟု သံတမန်မျက်နှာစာတွင် တင်စားခဲ့ဖူးသည်။ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် ဥပဒေအရ စည်းနှောင်မှု (legally binding) ရှိပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးမှ လိုက်နာရန် တာဝန်ရှိ၍ ဖြစ်သည်။

လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရာတွင် ပါဝင်ယှဉ်ပြိုင်သည့် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှုတွင် ပါဝင်ဆောင်ရွက်မှုအပေါ် အလေးထားစဉ်းစားသင့်သည်ဟု **ကုလသမဂ္ဂပဋိညာဉ်၏ အပိုဒ် ၂၃** တွင် ဖော်ပြထားသည်။

အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ ဒေသအုပ်စုကြီးများသို့ အမည်စာရင်း တင်သွင်းခြင်းအပါအဝင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို လိုက်နာရသည်။ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမှုသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၊ အစိုးရတစ်ရပ်၏ ရေရှည်စီမံကိန်းဟု ဆိုနိုင်သည်။

**အမြဲတမ်းနှင့် အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဗြိတိန်ဝန်ကြီးချုပ်ဟောင်း Harold Macmillan က ကမ္ဘာ့အစိုးရအဖွဲ့ (the Cabinet of the World) ဟု သံတမန်မျက်နှာစာတွင် တင်စားခဲ့ဖူးသည်။ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် ဥပဒေအရ စည်းနှောင်မှု (legally binding) ရှိပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးမှ လိုက်နာရန် တာဝန်ရှိ။**

သာဓကအားဖြင့် ယခု ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ဆွီဒင်နိုင်ငံသည် ယင်း၏အမည်စာရင်းတင်သွင်းမှုကို ၂၀၀၄ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ယခုရွေးကောက်ပွဲ၌ အစောဆုံး အမည်စာရင်းတင်သွင်းခဲ့သည့် နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နယ်သာလန်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် လည်းကောင်း၊ ဘိုလီဗီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ အီတလီနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသည် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း သက်ဆိုင်ရာဒေသအုပ်စုကြီးများမှတစ်ဆင့် အမည်စာရင်း တင်သွင်းမှုကို အသီးသီးကြိုတင်ပြုလုပ်ခဲ့ကြသည်။ ဤအချက်သည် လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်ဖြစ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ဆယ်စုနှစ်တစ်စုနီးပါး ရေရှည်စီမံကိန်းချမှတ်၍ ကြိုတင်ကြိုးပမ်းလေ့ရှိသည့် နိုင်ငံရေးဆန္ဒနှင့် အားထုတ်မှုကို ထင်ဟပ်စေသည်။

လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များအဖြစ် ရွေးကောက်တင်မြှောက်ခံရရန်အတွက် အမည်စာရင်းတင်သွင်းထားသည့် အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂမျက်နှာစာ၌ မဲဆွယ်မှုများကို အဓိကကြိုးပမ်းဆောင်ရွက်ကြသည်။ ယင်းမဲဆွယ်မှုလုပ်ငန်းစဉ်သည် ပြည်တွင်းရွေးကောက်ပွဲ မဲဆွယ်မှုများကဲ့သို့ပင် ခက်ခဲပင်ပန်းပြီး အချိန်နှင့် ငွေကြေးအရင်းအနှီး ကုန်ကျစရိတ်များပြားလှသည်။ တတ်နိုင်သည့် နိုင်ငံကြီးများအနေဖြင့် ငွေကြေးအားဖြင့် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ သုံးစွဲကာ နှစ်ပေါင်းများစွာ ကြိုတင်၍မဲဆွယ်လေ့ရှိကြသည်။ ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံများသည် ကနဦးအားဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများထံမှ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ယင်းတို့နိုင်ငံအား ရွေးကောက်ပွဲတွင် ထောက်ခံသွားမည်ဆိုသည့် နိုင်ငံရေး ကတိကဝတ်ကို ကြိုတင်ရယူလေ့ရှိသည်။

ထောက်ခံမှုရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်များအထိ ချဉ်းကပ်စည်းရုံးလေ့ရှိသကဲ့သို့ ထောက်ခံမဲပေးရေး အဆုံးအဖြတ်ပြုလုပ်ရာတွင် အရေးပါသည့်ပုဂ္ဂိုလ်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးများနှင့်လည်း စဉ်ဆက်မပြတ် ထိတွေ့စည်းရုံးလေ့ရှိသည်။

ထောက်ခံမဲအတွက် မည်သို့ပင်ကြိုတင် ကတိကဝတ်ပြုထားစေကာမူ မဲပေးသည့်နိုင်ငံများဘက်မှ ကတိကဝတ်ချိုးဖောက်မှုများ ပေါ်ပေါက်လေ့ရှိသည်။ အကြောင်းရင်းများမှာ သက်ဆိုင်ရာမြို့တော်များမှ ကတိပြုထားသော်လည်း ယင်းရပ်တည်ချက်သဘောထားကို အမှန်တကယ်မဲပေးရသည့် ကုလသမဂ္ဂဌာနချုပ်ရုံးစိုက်ရာ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ အချိန်မီမသိရှိခြင်း၊ မဲပေးရသည့် ကာလအတွင်း အစိုးရအဖွဲ့သစ်တစ်ရပ် ပြောင်းလဲသွားသဖြင့် အစိုးရဟောင်း၏ကတိကဝတ်ကို အစိုးရသစ်မှ လိုက်နာဆောင်ရွက်ရန်မလိုဟု ယူဆခြင်း၊ လျှို့ဝှက်မဲပေးစနစ်ဖြစ်သည့်အတွက် ကတိပြုထားသည့် နိုင်ငံအား အမှန်တကယ်မဲပေးခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ခြင်း မရှိသဖြင့် မဲပေးသည့်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံများအားလုံးကို ထောက်ခံမည်ဟု ကတိပြုနိုင်သည့် အခြေအနေရှိခြင်းတို့ကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံများဘက်မှလည်း ထောက်ခံမဲမဖြစ်မနေရရှိရေးအတွက် သိမ်မွေ့သောနည်းလမ်းများအပါအဝင် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းလေ့ရှိကြသည်။ ဥပမာအားဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်ရသေးခြင်းမရှိသော နိုင်ငံများနှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများပေးခြင်း၊ ရွေးကောက်တင်မြှောက်ခံရပါက ထောက်ခံမဲပေးခဲ့သည့်နိုင်ငံနှင့်ဆက်စပ်သော ကိစ္စရပ်များအပေါ် လုံခြုံရေးကောင်စီမှ အလေးထားစဉ်းစားပေးရန် (သို့တည်းမဟုတ်) လုံခြုံရေးကောင်စီ၏ အာရုံစိုက်မှုခံရခြင်း မရှိစေရန် ကူညီဆောင်ရွက်ပေးမည်ဟု ကတိပြုခြင်း၊ အရေးပါသည့်အဆင့်မြင့်သံတမန်များ၊ မဲကိုယ်တိုင်ကိုယ်ကျပေးမည့် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးများကို ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံ၏ မြို့တော်သို့ ဖိတ်ခေါ်ခြင်း၊ အငြင်းပွားဖွယ်ရာဘာသာရပ်မဟုတ်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စိတ်ဝင်စားဖွယ်နေရာဒေသများ၌ ဦးဆောင်ကျင်းပကာ ကုန်ကျစရိတ်အဝဝ ကျခံပေးခြင်း၊ ကုလသမဂ္ဂမျက်နှာစာတွင် ညစ်ခံပွဲများ၊ အခမ်းအနားအသွင်သဏ္ဌာန်မျိုးစုံကျင်းပ၍ ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံ၏အထိမ်းအမှတ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ဖြင့် မနားမနေကြိုးပမ်းမဲဆွယ်လေ့ရှိကြသည်။

**၂၀၁၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့**၌ ကျင်းပမည့် ရွေးကောက်ပွဲတွင်ကား လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ငါးနေရာကို အာဖရိကအုပ်စုမှ အီသီယိုပီးယားနိုင်ငံ၊ လက်တင်အမေရိကနှင့် ကာရေဘီယံအုပ်စုမှ ဘိုလီဗီးယားနိုင်ငံတို့အနေဖြင့် လုံလောက်သော မဲအရေအတွက်ဖြင့် ရွေးကောက်တင်မြှောက်ခံရဖွယ်ရှိပြီး အာရှ-ပစိဖိတ်အုပ်စုမှ လစ်လပ်နေရာ တစ်နေရာအတွက် ထိုင်းနှင့် ကာဇက်စတန် နှစ်နိုင်ငံမှလည်းကောင်း၊ အနောက်ဥရောပနှင့် အခြားအုပ်စုမှ လစ်လပ်နေရာ နှစ်နေရာအတွက် အီတလီ၊ နယ်သာလန်နှင့် ဆွီဒင် သုံးနိုင်ငံတို့မှလည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်သွားရဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။

ကိုးကား။ (၁) Security Council Report (3 June 2016)
(၂) The UN Security Council: From the Cold War to the 21st Century (edited by David M. Malone) (2004)

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ခရိုနီတစ်စုထူထောင်တဲ့ ပညာဖောင်ဒေးရှင်းဖွဲ့ပြီ

## မောင်ဆန္ဒ(လယ်ဝေး)

အခြေခံပညာအထက်တန်းအောင်စာရင်းထွက်တော့ ဖြေထားသူလည်း မဟုတ်ဘဲ၊ အောင်စာရင်းစောင့်နေသည့် သားသမီးမရှိဘဲ စာရေးသူက စိတ်ဝင်တစားစောင့်မိတယ်။ မနက်ရှစ်နာရီလောက်ကျတော့ ကိုယ့်လမ်းထဲက ကလေးတွေ တစ်ယောက်မှမအောင်ကြောင်း သတင်းစရတယ်။ နောက်တစ်လမ်းမှာ ပန်းရောင်းတဲ့ မိတ်ဆွေတစ်ယောက်သားအောင်ကြောင်း သတင်းရောက်လာတယ်။ "ဟယ်. . . ဝမ်းသာလိုက်တာ။ အောင်ပါစေဟယ်။ ဒီလို ကလေးမျိုးတွေ များများအောင်ပါစေ" လို့ ဝမ်းသာအားရပြောမိတယ်။ မြန်မာတစ်ပြည်လုံးအောင်ချက် ၂၉ ဒသမ ၉ ရာခိုင်နှုန်းသာရှိတော့ ယေဘုယျအားဖြင့် နည်းတယ်လို့ ပြောနိုင်တယ်။ အဲဒီလို လူနည်းစုသာအောင်တဲ့ နှစ်မှာ ဒီကလေးက နှစ်ချင်းပေါက်အောင်တယ်ဆိုတော့ ချီးကျူးမိတယ်။ ဝမ်းသာမိတယ်။

နောက်လူမှုကွန်ရက်ကတက်လာတဲ့ သတင်းတွေ ဖတ်ဖြစ်တယ်။ တစ်ပြည်လုံးမှာ ရမှတ် ၅၆၂ မှတ်နဲ့ ပထမရတဲ့ မထက်ယမင်းအောင် (အထက-၂၊ ဗဟန်း) ရဲ့သတင်းတွေ ဖတ်ရတယ်။ ရမှတ်တွေ ကြည့်ပြီး အနာဂတ်အတွက် ဆရာဝန်ကောင်းတစ်ဦးတော့ ပေါ်တော့မှာပဲလို့ ပီတိဖြစ်မိတယ်။ မုဒိတာပွားမိတယ်။ နောက်တစ်ပြည်လုံးမှာ ရမှတ် ၅၆၁ မှတ်နဲ့ ဒုတိယရတဲ့ မကဗျာချို့ရဲ့ သတင်းဖတ်ရတယ်။ အမှတ်တစ်မှတ်က အဆင့်တစ်ခုကို ခွဲခြားလိုက်ပါလားဆိုတဲ့ အမြင်တွေးမိတယ်။

နောက်ရက်မှာ ငါးဘာသာဂုဏ်ထူးရှင် မောင်ကောင်းပြည့်သတင်း ဖတ်ရတယ်။ လှိုင်သာယာရပ်ကွက် ကျူးကျော်တဲမှာနေတဲ့ ဦးဝင်းနိုင်ရဲ့ ပဥ္စမမြောက်သား ငါးဘာသာဂုဏ်ထူးထွက်တယ်။ ဆေးကျောင်းတက်ဖို့ အမှတ်မီရင် ဆေးကျောင်းတက်ချင်တယ်။ မရရင် ရေကြောင်းသိပ္ပံတက်ချင်တယ်တဲ့။ လူမှုကွန်ရက်က တက်လာတဲ့သတင်းကို အကြောင်းပြုပြီး စရိတ်လာပေးသူတွေ သတင်းတက်လာတယ်။ ထူးခြားတဲ့သတင်းကတော့ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာတို့ ဇနီးမောင်နှံက အဲဒီမောင်ကောင်းပြည့် ဘွဲ့ရသည်အထိ ကျောင်းထားပေးဖို့ ဒါနရှင်လုပ်ကြောင်းကြားလိုက်ရတယ်။ ကိုဥက္ကာနဲ့ ဆုပန်ထွာတို့က မွေးလာမယ့်သားသားလေးရဲ့ ပညာရေးရည်စူးပြီး ဒီအလှူလှူ ဖြစ်တာပါတဲ့။ သာဓုဗျာ သာဓု။ သာဓု အကြိမ်ကြိမ်ခေါ်ပါတယ် ဆုပန်ထွာ။

ဒီသတင်းနဲ့ မရှေးမနှောင်းမှာ နောက်ထပ် ငါးဘာသာဂုဏ်ထူးရှင်လေးတွေ ထပ်ပေါ်လာတယ်။ ပညာတော်ပေမယ့် မိဘတွေဆင်းရဲလို့ ပညာသင်ရေးခက်နေသူတွေပါ။ တန့်ဆည်မြို့ ပေကုန်းရွာက မောင်စမ်းကိုကိုက ရမှတ် ၅၁၉ နှင့် ဘာသာစုံဂုဏ်ထူးထွက်တယ်။ မြန်မာတစ်ပြည်လုံး ပထမရတဲ့ မထက်ယမင်းအောင်နဲ့ ၄၃ မှတ်ကွာတယ်။ ဒါကလည်း နေရာ၊ အထောက်အကူ၊ ပတ်ဝန်းကျင်အားပေးမှုကြောင့် ဖြစ်မယ်။ တောရွာက ဆင်းဆင်းရဲရဲနဲ့ သင်ရတဲ့ ကလေးကို ဘယ်လိုမှ အထင်သေးလို့ မရပါဘူး။

နောက်တစ်ယောက်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရှောက်တောရွာက မမို့မို့ဇာနည်။ သူကလည်း ငါးဘာသာဂုဏ်ထူးရှင်ပဲဗျ။ ဖခင်က ကျပန်းအလုပ်သမား။ တစ်နေ့သုံးလေးထောင်ရအောင် မနည်းရှာရသူ။ သူလေးဟာလည်း ပညာဆက်သင်ဖို့ အခက်အခဲရှိကြောင်း၊ ဆရာမကြီးတစ်ဦးရဲ့ ထောက်ခံချက်နဲ့ လူမှုကွန်ရက်မှာ တက်လာတယ်။

မပန်ရေ ညည်းလည်း ကျိုကျိုတက်ချမ်းသာသူမဟုတ်တော့ မောင်ကောင်းပြည့်ရဲ့ပညာရေးတာဝန်ယူပေးတာနဲ့ ထပ်အကူအညီမတောင်းချင်တော့ပါဘူး။ ညည်းလိုအနုပညာရှင်တွေထဲက သဒ္ဓါရှင်တွေထံက လှူဒါန်းမှုကို မျှော်လင့်တယ်။ အင်မတန် အကျိုးကြီးပါတယ်ကွဲ့။ မရည်ရွယ်ဘဲ လှူရတဲ့အလှူ ဘယ်အလှူနဲ့မှ မတူပါဘူးကွဲ့လို့ မတိုက်တွန်းရက်ပါဘူး။

အေး ဒီအတွေးတွေ ဝင်လာပြီး မကြာခင်မှာ အလကားနေ အကုသိုလ်ပွားတဲ့စိတ်က ကြားဖြတ်ဝင်လာတယ်။ မြန်မာပြည်မှာ ဘီလျံနဲ့ချီပြီး ချမ်းသာတဲ့ သူဌေးက ငါးဆယ်နီးပါးရှိကြောင်း ဆောင်းပါးတစ်စောင်မှာ ဖတ်ရတယ်။ အဲဒီဘီလျံနာတွေဟာ ရှေးရှေးမိဘဘိုးဘွားတွေ ထားရစ်ခဲ့တဲ့ စည်းစိမ်ဥစ္စာ၊ အဲဒါတွေအရင်းအနှီးပြုချမ်းသာလာသူ တစ်ယောက်မှမရှိဘူး။ (၈၈)နောက်ပိုင်းကျမှ ခေတ်ပျက်သူဌေးဖြစ်လာကြတာ။ ထားပါ သူ့ကံနဲ့သူဖြစ်တာ။ ဗုဒ္ဓဘာသာဝင်ပီပီ တရားသဘောနဲ့ကြည့်ရရင် ရှေးရှေးဘဝကပြုခဲ့တဲ့ ဒါနကောင်းမှုကြောင့် အခုလိုချမ်းသာကြတာလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အဲလိုချမ်းသာသူတွေက မြန်မာပြည်က သစ်နဲ့ကင်းလား။ မြန်မာပြည် ဖားကန့်က ထွက်တဲ့ ကျောက်စိမ်းနဲ့ ကင်းလား။ မိုးထိ မိုးမြှေတွင်းတွေနဲ့ ကင်းလား။ မတရားသိမ်းထားတဲ့ လယ်မြေတွေနဲ့ကင်းလား။ မြန်မာပြည်သယံဇာတတွေကို အာဏာရှင်တွေနဲ့ လက်ဝါးချင်းရိုက်ပြီး ချမ်းသာလာကြတာမို့လား။ ဒါဆို မြန်မာပြည်သူရဲ့ ကျေးဇူးမကင်းဘူး။ ဒီကျေးဇူးတွေ ထောက်ထားပြီး ကျေးဇူးသိတတ်လေဟန်နဲ့ ပညာသင်ဖို့ အခက်အခဲရှိနေသူတွေကို မထောက်ပံ့သင့်ဘူးလား။

ပြောရမှာတော့ အားနာတယ်ဗျာ။ မလိုတဲ့နေရာတွေမှာ လက်ဆောင်ပဏ္ဏာတွေ ပေးကမ်းနေတဲ့သူတွေ ဘာလုပ်နေလဲမသိဘူး။ ကလေးတစ်ယောက်ဆုံးခန်းတိုင်ပညာသင်လို့ ငွေတစ်သန်းမဟုတ်ပါဘူး။ သိန်းတစ်ရာမကုန်နိုင်ပါဘူး။ ဒီလိုလိုအပ်ချက်ရှိတာကို စေတနာမပြည့်ဘဲ ရေများနေတဲ့နေရာ မိုးရွာပြချင်တာ ဘာသဘောလဲ။ အကျိုးလိုလို့ ညောင်ရေလောင်းတာ မဟုတ်လား။

ဖြစ်စေချင်တဲ့ ဆန္ဒလေးတစ်ခုအကြံပြုပါရစေ။ ခရိုနီပုဂ္ဂိုလ်ကြီးတွေ တစ်ယောက်တစ်သန်းစီထည့်၊ ပညာထူးချွန်ပြီး ဆင်းရဲချို့တဲ့သူတွေအဖို့ "ပညာဖောင်ဒေးရှင်း"တစ်ခုဖွဲ့ပါ။ တစ်နှစ်လေးငါးဆယ်၊ လွန်ရောတစ်ရာပေါ့ဗျာ။ အဲလို ပညာထူးချွန်သူတစ်ရာကို ကျောင်းထားပေးရင် နောင် ၁၀ နှစ်ရှိတဲ့အခါ ပညာတတ် ၁၀၀၀ ကျော်ထွက်လာမယ်။ အဲလိုကုသိုလ်မျိုး မယူချင်ဘူးလား။ ဒီတစ်ညအိပ်လိုက်ဦးဗျာ။ မနက်မိုးလင်းတော့ လူမှုကွန်ရက်စာမျက်နှာမှာ ခရိုနီတစ်စုထူထောင်တဲ့ ပညာဖောင်ဒေးရှင်းဖွဲ့စည်းထူထောင်လိုက်ပြီလို့ တင်လိုက်ပါ သာဓုခေါ်ပါတယ်။ ။

# ဒလမြို့နယ်အား လျှပ်စစ်ရှုပ်ထွေးဆားဗစ်များကင်းစင်ရာ "စံ" မြို့နယ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ

**ဒလ ဇွန် ၂၇**

ဒလမြို့နယ်အတွင်း ရှုပ်ထွေးလျှပ်စစ်ဆားဗစ်ကြိုးများအား ဇွန် ၂၅ ရက်က ရှင်းလင်းဆောင်ရွက်ရာ ဘေးအန္တရာယ်ကင်းဝေးစေရေး ဂရုစိုက်ကြရန်၊ ရှုပ်ထွေး



ဆားဗစ်ကြိုးများ ကင်းစင်ရာ "စံ" မြို့နယ်ဖြစ်ရေး ကြိုးစားဆောင်ရွက်ကြရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဘုတ်အဖွဲ့ဝင်(၄) ဦးအောင်ကျော်ဦးက လုပ်ငန်းများကွင်းဆင်းဆောင်ရွက်စဉ် လျှပ်စစ်ဝန်ထမ်းများအား ပြောကြားခဲ့သည်။

တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များအနက် ဒလမြို့နယ်အား ရှုပ်ထွေးလျှပ်စစ်ဆားဗစ်ကြိုးများကင်းစင်ရာ စံပြမြို့နယ်အဖြစ်သတ်မှတ်၍ ရပ်ကွက်များအတွင်းရှိ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းကို စီမံချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရှုပ်ထွေးဆားဗစ်ကြိုးများရှင်းလင်းရာတွင် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ ရပ်ကွက် ခုနစ်ရပ်ကွက်ရှိ အဓိကနေရာ ၄၁ နေရာတွင် ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင် ၈၀၊ ၃၅ မီလီမီတာ လျှပ်တားပါ အလူမီနီယံကြိုး လေးချောင်းတွဲ ၈၀၀ ကျော် သွယ်တန်းပေးလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရာသို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဘုတ်အဖွဲ့ဝင်(၄) ဦးအောင်ကျော်ဦး၊ တောင်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ ဦးစံထွန်းအောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယာဉ်ဦး(ဒလ)**

# သောက်သုံးရေအတွက် မြေသားရေကန်တူးဖော်

**ဘီးလင်း ဇွန် ၂၇**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဇုက္ကလိကကျေးရွာ၌ ပေ ၁၀၀ ပတ်လည် မြေသားမိုးရေသိုလှောင်ကန်တူးဖော်ဆောင်ရွက်လျက်ရှိရာ ကန်တူးဖော်နေမှုကို ဇွန်၂၄ ရက်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ရေသိုလှောင်ကန်ကြီးပြီးစီးသွားပါက နွေရာသီရေရှားပါးချိန်တွင် ယင်းကျေးရွာ၌နေထိုင်သော အိမ်ခြေ ၃၂၁ အိမ်ရှိ လူဦးရေ ၁၅၀၀ ကျော်အား သောက်သုံးရေအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




# မိုင်းတုံ၌ ဘိန်းအစားထိုး သီးနှံပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မိုင်းတုံ ဇွန် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် မြို့မကွက်သစ်ရပ်ကွက်၌ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး သီးနှံပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအုန်းကျော်မြင့်က ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်ပေးအပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးက ဟိုပန်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာက မိုင်းကန်ကျေးရွာအုပ်စုနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက လွယ်ခမ်းလုံကျေးရွာအုပ်စုသို့ လည်းကောင်း ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးမှူး ဦးအုန်းကျော်မြင့်က မိုင်းပန်ကျေးရွာအုပ်စုသို့ ဘိန်းအစားထိုးသီးနှံ နှစ်ရှည်ပင်၊ ကော်ဖီပျိုးပင်များကို ဒေသခံတောင်သူများသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

## ဥတုရာသီ တောကိုမှီ၏

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန SIBAT (Israel MOD International Defense Cooperation Directorate)၏ Director, Brigadier General (Ret.) Mishel Ben Baruch အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လျှောက်လှမ်းနေမှုအခြေအနေနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေး ညှိနှိုင်းကြားရေးမှူးရုံးနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများ၊ ဆက်လက်ပူးပေါင်းလုပ်ဆောင်မည့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ Brigadier General (Ret.) Mishel Ben Baruch နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။



**(မြဝတီ)**

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း ငါးနိုင်ငံ ကုန်သွယ်ရေး၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၂၇**

အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း(CLMVT) ငါးနိုင်ငံ ကုန်သွယ်ရေး၊ ငွေကြေး ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောသည်။

ပထမအကြိမ် အဆိုပါ ငါးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ထိုင်းနိုင်ငံတွင် ယခုလအတွင်း ကျင်းပခဲ့ပြီး ငါးနိုင်ငံ ကုန်သွယ်ရေး၊ ငွေကြေးရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလာမှုကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း အဆိုပါဖိုရမ်သို့ တက်ရောက်ဆွေးနွေးခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီဖိုရမ်မှာ ခရီးသွားကဏ္ဍနဲ့ပတ်သက်ပြီး ရေရှည်တည်တံ့တဲ့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားဖို့၊ ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ဖို့၊ Eco Tourism နဲ့ပတ်သက်ပြီးတော့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်တွေ ပူးပေါင်းဆောင်ရွက်ဖို့ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့တယ်။ အဲဒါအပြင် ခရီးသွားကဏ္ဍမှာ ငါးနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေအတွက် ဗီဇာတစ်ခုတည်းယူလိုက်ရုံနဲ့ ငါးနိုင်ငံလုံး သွားရောက်နိုင်ရေးစနစ်ကို ကျင့်သုံးနိုင်ရေးကိုလည်း ဆွေးနွေးပါတယ်။ နယ်စပ်ဖြတ်ကျော်သွားလာရေး ခရီးများအတွက်လည်း ချောမွေ့စေဖို့ ဆွေးနွေးပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယင်းသို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် ငါးနိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး ငါးနိုင်ငံ တစ်ခုတည်းသော ဗီဇာရရှိရေးနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှုများ လွယ်ကူချောမွေ့စေရေးများကိုမူ ကနဦးဆွေးနွေး တင်ပြခဲ့ကြခြင်းသာဖြစ်ကြောင်း သိရသည်။

"အခုဖိုရမ်က ပထမအကြိမ် ကျင်းပတာဖြစ်ပါတယ်။ CLMVT ဟာ အမှန်တော့ အာဆီယံအဖွဲ့ဝင်တွေပါပဲ။ GMS လို့ခေါ်တဲ့ မဲခေါင်မြစ်ဝှမ်းဒေသရဲ့ အဖွဲ့ဝင်နိုင်ငံတွေလည်းဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် အာဆီယံရဲ့ Framework အာဆီယံရဲ့ နည်းဗျူဟာ၊ စီမံကိန်းတွေက ရှိပြီးသားဖြစ်ပါတယ်။ အာဆီယံအတွင်းမှာမှ နယ်မြေဒေသရော၊ ဘာသာယဉ်ကျေးမှုရော ဆက်စပ်မှုရှိတဲ့ ဒီငါးနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဘာတွေလုပ်နိုင်မလဲ ရည်ရွယ်ပြီးတော့ ဒီဖိုရမ်ကြီးကို ကျင်းပတာပါ။ တစ်နည်းအားဖြင့် နိုင်ငံငါးခုကနေ ခရီးစဉ်ဒေသတစ်ခုတည်းကို သွားလာနိုင်ရေး၊ နိုင်ငံတွေကြားမှာဖြစ်ပေါ်နေတဲ့ Single Visa ပေါ့။ ဗီဇာတစ်ခုတည်းဆိုတဲ့ အခြေအနေမျိုးဖြစ်ပေါ်လာခဲ့မယ်ဆိုရင် ဒေသတွင်း နိုင်ငံအချင်းချင်းတွေသာမက တတိယနိုင်ငံတွေကလာတဲ့ ဧည့်သည်တွေအတွက်ပါ တစ်နိုင်ငံရဲ့ ဗီဇာကိုရတာနဲ့ တခြားလေးနိုင်ငံကိုပါ သွားလာနိုင်တယ်ဆိုတဲ့ဟာကို စတင်ဆွေးနွေးတာပါ။ ဒါက ဆွေးနွေးညှိနှိုင်းတင်ပြတာပဲ ရှိသေးတဲ့အတွက် ဒီဖြစ်စဉ် ဖြစ်လာဖို့အတွက်က အချိန်ထပ်ယူရမှာပါ။ နောက်တစ်ခုက နယ်စပ်ဖြတ်ကျော်တွေမှာ အခုထက် ပိုကောင်းမွန်အောင်လုပ်ဖို့ ဆွေးနွေးတာပါ။ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ လုံခြုံရေးကိုလည်း ကြည့်ရမှာဖြစ်တဲ့အတွက် လက်ရှိအားဖြင့်တော့ နယ်စပ်ဖြတ်ကျော်တွေ အားလုံးက လွယ်ကူချောမွေ့ခြင်းမရှိသေးသော်လည်း ဒီငါးနိုင်ငံကတော့ တစ်ချိန်ချိန်မှာ ဖြေလျှော့ပြီး အတားအဆီးမရှိသွားလာနိုင်ဖို့ ရည်ရွယ်ချက်ဖြစ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်နှင့်ပတ်သက်ပြီး ဖြည့်စွက်ရှင်းပြသည်။

မြန်မာနိုင်ငံအနေဖြင့် တံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့သည့်ကာလ မကြာသေးသော်လည်း ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများအပြင် နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ရပ်ရွာလူထုအခြေပြု ခရီးသွားကဏ္ဍ အောင်မြင်စေရေး၊ စားဝတ်နေရေးနှင့် လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် ခရီးသွားကဏ္ဍမှ အထောက်အကူပြုဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့)**



ဇယားထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်နေသည့် ရတနာပုံအသင်း။

**○ ကျောဖုံးမှ**

နှစ်ပွဲ သရေကျထားသည်။ အခြားအသင်းများ ခြေစွမ်းနှင့်ရလဒ်ပိုင်း မတည်ငြိမ်နေချိန်တွင် ရတနာပုံအသင်းသည် အမှားအယွင်းမရှိဘဲ ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့သောကြောင့် အမှတ်ပြတ်သွားခြင်းဖြစ်သည်။ နည်းပြ အပြောင်းအလဲရှိခဲ့သည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် အသင်းကြီးများနှင့် တွေ့ဆုံရာတွင် ရမှတ်များဆုံးရှုံးခဲ့သလို ပထမအကျော့က အနီးကပ်လိုက်လံဖိအားပေးနိုင်ခဲ့သည်။ ဟံသာဝတီအသင်းမှာ ရတနာပုံနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် ရှုံးနိမ့်ပြီးကတည်းက ရလဒ်များ ဆက်တိုက်ဆိုးရွားခဲ့သောကြောင့် ရတနာပုံအသင်းက လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရသွားခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ရန် ခြောက်မှတ်သာ လိုတော့ရာ ဇူလိုင်လအတွင်း ချန်ပီယံဖြစ်လာဖွယ်ရှိနေသည်။ ရတနာပုံအသင်းသည် လာမည့်တစ်ပတ်တွင် Southern အသင်းနှင့်တွေ့ဆုံနေပြီး ယင်းပွဲတွင်သာ အနိုင်ရခဲ့ပါက ချန်ပီယံဖြစ်ရန် သေချာသလောက်ရှိသွားမည်ဖြစ်သည်။ MNL အမှတ်ပေးချန်ပီယံဆုကို ရန်ကုန်အသင်းက ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်၊ ရတနာပုံအသင်းက ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တို့တွင် သုံးကြိမ်ရယူထားရာ ရတနာပုံအသင်းအနေဖြင့် ယခုရာသီတွင် ဗိုလ်စွဲခဲ့ပါက ရန်ကုန်၏ အအောင်မြင်ဆုံးစံချိန်နှင့်တူညီတော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာများ စိုက်ထူ

**ဝက်ထီးကန် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင် ပြည်မြို့နယ် ဝက်ထီးကန်မြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ရက် ၁၀၀ စီမံချက်ဖြင့် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူခြင်းကို ဝက်ထီးကန်အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့် လူစည်ကားသည့်နေရာ၊ ရွှေပြည်သာလမ်းဆုံတို့၌ မြို့လျှပ်စစ်မှူး ဦးခင်မောင်ဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇွန်လ တတိယပတ်က စိုက်ထူခဲ့ကြောင်း သိရသည်။

**(ဝ၄၃)**

**✱ ချီလီအသင်းမှ**

အာဂျင်တီးနားအသင်းပါ ပထမပိုင်းတွင် ကစားသမားတစ်ဦးစီ ထုတ်ပယ်ခံခဲ့ရပြီး သာမန်ပွဲကစားချိန်နှင့် အချိန်ပိုမိနစ် ၃၀ တို့တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာတွင် ချီလီအသင်းက အာဂျင်တီးနားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ချီလီအသင်းအတွက် ပထမဆုံးသွင်းယူခွင့်ရရှိခဲ့သည့် ဗီဒယ်၏ ပင်နယ်တီသွင်းဂိုးကို အာဂျင်တီးနားဂိုးသမားရိုမီယိုက ပုတ်ထုတ်ကာကွယ်ခဲ့ပြီး အာဂျင်တီးနားအသင်းအတွက် ပထမဆုံး သွင်းယူခွင့်ရရှိခဲ့သည့် တိုက်စစ်မှူး မက်ဆီသည်လည်း ဂိုးပေါက်နှင့် လွဲချော်ခဲ့ရသည်။

သို့ရာတွင် ချီလီအသင်းသည် ကတ်စတယ်လို၊ အာရန်ဂစ်ဇ်၊ ဘော်ဆီဂျား၊ ဆေးလ်ဗားတို့၏ သွင်းဂိုး လေးဂိုးစလုံး ဂိုးရရှိခဲ့ပြီး အာဂျင်တီးနားကစားသမား ဘစ်ဂလီယာ၏ သွင်းဂိုးကို ချီလီဂိုးသမား ဘရာဗိုက ပုတ်ထုတ် ကာကွယ်နိုင်ခဲ့သဖြင့် အာဂျင်တီးနားအသင်းမှာ နှစ်ဂိုးသာရရှိခဲ့ခြင်းကြောင့် ချီလီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ချီလီအသင်းနှင့် ကိုပါအမေရိကဖလား နောက်ဆုံးဗိုလ်လုပွဲ နှစ်နှစ်ဆက်တိုက် ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် နှစ်နှစ်စလုံး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် အာဂျင်တီးနားအသင်းအတွက် အဓိကပြိုင်ပွဲ သုံးရပ်တွင် သုံးနှစ်ဆက်တိုက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းလည်း ဝင်သွားခဲ့သည်။

၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲအပြီးတွင် အလက်ဇစ်ဆန်းချက်ဇ်သည် ကိုပါအမေရိကပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကိုလည်းကောင်း၊ ဗာဂတ်စ်သည် သွင်းဂိုးခြောက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဂိုးသွင်းအများဆုံးဆုဖြစ်သည့် ရွှေဘောလုံးဆုကိုလည်းကောင်း၊ ဂိုးသမားဘရာဗိုသည် ရွှေလက်အိတ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့ကြသည်။ **(ငွေကြယ်)**

**❖ ရန်ကုန်မြို့ပတ်မှ**

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ မန်နေဂျာ(သွားလာရေး/တိုင်း) ဦးကျော်စိုးလင်းက "လာမယ့်ဇူလိုင် ၁ ရက်မှာ ရထားလက်မှတ်နှုန်းထားများကို လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၀၀ နဲ့ ငွေကျပ် ၂၀၀ သာထားတော့မှာပါ။ ဒါလည်း ခရီးစဉ်အလိုက်ပဲကောက်ခံမှာပါ။ ခရီးသည်များ ဘယ်ရထားစီးစီး ကိုယ်သွားလိုရာခရီးကို သွားလို့ရပါပြီ။ ခရီးသည်တွေရဲ့ ရထားလက်မှတ် မှားယူဝယ်မိတာနဲ့ အကြွေပြန်အမ်းရတဲ့ ပြဿနာလည်း မရှိတော့သလို တွဲဆိုင်းတွေ လဲတဲ့အခါမှာလည်း အခက်အခဲမရှိတော့ဘူးဆိုတော့ အားသာချက်က ပိုများပါတယ်။ ရထားစီးခရီးသည်အများစုကို မေးမြန်းထားတဲ့အခါမှာလည်း သဘောတူကျေနပ်ကြပါတယ်"ဟု ပြောသည်။

လက်ရှိမြန်မာ့မီးရထားမှ ကွန်ပျူတာလက်မှတ်စနစ်ကို အသုံးပြုကာ တစ်ရက်လျှင် ရထားလက်မှတ် စောင်ရေ ပျမ်းမျှ နှစ်သောင်းဝန်းကျင် ရောင်းချပေးနေရကြောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရောင်းချပေးနေသော လသုံးလက်မှတ်များမှာလည်း ၃၇၀၀ ထိ ရောင်းချပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် တစ်ရက်လျှင် ပြေးဆွဲခေါက်ရေ ၂၁၅ ခေါက်ကို RBE ရထားတွဲဆိုင်း ကိုးဆိုင်း၊ တွဲဆိုင်းကြီး ၁၄ ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရထားစီးခရီးသည်ဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှ ဦးရေ ၇၂၅၀၀၀ ခန့်ထိ လိုက်ပါစီးနင်းလျက်ရှိကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း-MLA**



# မြန်မာနှင့် နယ်သာလန် နှစ်နိုင်ငံလေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုး၊ နှစ်နိုင်ငံအကြား တစ်ပတ် ခုနစ်ကြိမ်ပျံသန်းမည်

**ရန်ကုန် ဇွန် ၂၇**

မြန်မာနှင့်နယ်သာလန်နိုင်ငံတို့ကြား နှစ်နိုင်ငံ လေကြောင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာနယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr.Harto gh နှင့် သံအရာရှိများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် အရာထမ်းများ၊ မြန်မာအမျိုးသား လေကြောင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၊ ရွှေမြန်မာလေကြောင်းနှင့် Royal Dutch KLM လေကြောင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးတို့က နှစ်နိုင်ငံလေကြောင်း ပို့ဆောင်ရေးကဏ္ဍဆိုင်ရာများ ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် နယ်သာလန်နိုင်ငံ သံအမတ်ကြီးတို့က နှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေးကဏ္ဍဆိုင်ရာ လေကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကြသည်။ ထို့နောက် ဒုတိယဝန်ကြီး၊ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

အဆိုပါသဘောတူစာချုပ်အရ မြန်မာနှင့် နယ်သာလန်နိုင်ငံမှ လေကြောင်းလိုင်းများသည် နှစ်နိုင်ငံအကြား ခရီးစဉ်များတွင် တစ်ပတ် ခုနစ်ကြိမ် ပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂) ရက်
(စနေနေ့)
" အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး "
" Co-operatives: The power to act for a substainable future "



# နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေ ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်း သင်တန်းခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

သင်တန်းဖွင့် အခမ်းအနားသို့ နေပြည်တော် မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ ခရိုင်မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် စခန်းတာဝန်ခံများ တက်ရောက်ပြီး ယခုဖွင့်လှစ်သည့် သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင် ၇၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၈ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

# ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် ထည့်သွင်းထိုးနှံခြင်း အသိပေးဆွေးနွေး

**ညောင်လေးပင် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပုံမှန်ကာကွယ်ဆေးထိုးရာတွင် ပြင်းထန်အဆုတ်ရောင် ရောဂါကာကွယ်ဆေးသစ် ထည့်သွင်းထိုးနှံခြင်းအသိပေးဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ကျန်းမာရေး ဝန်ထမ်းများကို သင်တန်းပြန်လည်ပို့ချဆွေးနွေးခဲ့ကြောင်း၊ ပုံမှန်ကာကွယ်ဆေး ထိုးရာတွင် တိုးချဲ့ကာကွယ်ဆေးအဖြစ် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ် ဆေးသစ်ထည့်သွင်းထိုးနှံမည်ဖြစ်ကြောင်းနှင့် ညောင်လေးပင်မြို့အနေဖြင့် ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ထိုးပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးအုံးသော်က မြို့နယ်အတွင်း ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်၍ ဇူလိုင်လအတွင်း ကလေး ၂၅၂ ဦးလျှင် ဆေးပုလင်း ၁၂၆ ပုလင်း၊ ဩဂုတ်လအတွင်း ကလေး ၂၁၀ အတွက် ၁၀၅ ပုလင်းဖြင့် ဆေးတစ်ပုလင်းလျှင် နှစ်ဦးနှုန်း ထိုးပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးထိုးသည့်နေ့တွင် မြို့နယ်အတွင်း NGO အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(နေလင်း)**



# တောင်သူစက်ပြင်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ (ကျိုက္ကလို့) မင်္ဂလာဒုံမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အရ အခြေခံလယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းမှု (တောင်သူ) သင်တန်းအမှတ်စဉ်(၂/၂၀၁၆)ကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ သင်တန်းနည်းပြများ၊ ရန်ကုန် တိုင်းဒေသကြီးမှ တောင်သူစက်ပြင်သင်တန်းသား ၂၄ ဦး တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပင်မစက်ပြင်အလုပ်ရုံ (ကျိုက္ကလို့)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဝေက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဦးပေါစံက သင်တန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ဌေးကြိုင်)**

# ဇလွန်မြို့နယ်၌ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ဇလွန် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၏ ပထမအကြိမ် ( TSDP ) အစီအစဉ်အရ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ အခမ်းအနားကို ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးရှေ့တွင် ဇွန် ၂၇ ရက် နံနက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲအား စတင်တာလွှတ်ပေးလိုက်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသား ၂၀၀၊ အမျိုးသမီး ၆၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို မောင်တင်ကိုကိုသက်က ၂၁ မိနစ် ၅၆ စက္ကန့်၊ ဒုတိယဆုကို မောင်သစ္စာဉာဏ်က ၂၂ မိနစ် ၀၇စက္ကန့်၊ တတိယဆုကို မောင်ကျော်သူလင်းက ၂၂ မိနစ် ၀၈ စက္ကန့်ဖြင့် အသီးသီးဆုရရှိခဲ့ကြပြီး ယင်းဆုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက ပေးအပ်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို မအေးစန္ဒာကျော်က ၂၆ မိနစ် ၂၆ စက္ကန့်၊ ဒုတိယဆုကို မမိုးစုခိုင်က ၂၇ မိနစ် ၀၈ စက္ကန့်၊ တတိယဆုကို မအေးနန္ဒာက ၂၇ မိနစ် ၅၆ စက္ကန့်ဖြင့် အသီးသီး ဆုရရှိခဲ့ကြပြီး ယင်းဆုများကို ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးစိုးမိုးက ချီးမြှင့်ပေးအပ်သည်။ **(ငွေသန်း)**



သစ်ပင်စိုက်ပါ ဒီ့ကြာမှာ သာယာလှပ စိမ်းမြမြ

# လစဉ်လူထုစုပေါင်းပြီး စက်ဘီးစီးခြင်းများ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး ဇွန် ၂၇**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ရေးနှင့် စက်သုံးဆီကိုခြိုးခြံချွေတာနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လစဉ် လတစ်လ၏ နောက်ဆုံးအပတ်တိုင်းတွင် လူထုစုပေါင်း ကျိုးပတ်လည်စက်ဘီးစီးခြင်းကို ယမန်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်က မန္တလေးမြို့ ကျုံးတောင်ဘက် (၇၃)လမ်းနှင့် (၂၆)လမ်းထောင့် မင်္ဂလာတံတားရှေ့စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ဘီးစီးနင်းသူ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် မန္တလေးကျုံးပတ်ကာ ပျော်ရွှင်စွာ စက်ဘီးစီးနင်းဆင်နွှဲခဲ့ကြသည်။



အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ စက်ဘီးစီးရန် ပါဝင်လာကြသော အမျိုးသား အမျိုးသမီးများ၊ စက်ဘီးစီးဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများသည် မင်္ဂလာတံတားထိပ် သတ်မှတ်စုရပ်နေရာတွင် နေရာယူပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း စုရပ်မှစတင်ကာ (၂၆) လမ်းအတိုင်း လမ်း(၈၀)အထိ၊ လမ်း (၈၀)မှ မြောက်ဘက် (၁၂) လမ်းအထိ၊ ၎င်းမှအရှေ့ဘက် (၆၆)လမ်းအထိ၊ (၆၆)လမ်းမှ (၂၆)လမ်း၊ ၎င်းမှဆက်လက်၍ ကျုံးနှစ်ပတ် စီးနင်းကာ မင်္ဂလာတံတားထိပ်တွင် ပျော်ရွှင်စွာရောက်ရှိခဲ့ကြပြီးနောက် မန္တလေးကျုံးဘေးတွင် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယာဉ်နှစ်ထပ်ပိတ်ရပ်မှုကြောင့် ယာဉ်ထွက်မရ၍ အချက်ပေးကားဟွန်းသံ အဆက်မပြတ်ကြားနေရ

**ရန်ကုန် ဇွန် ၂၇**

လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ် (၇)လမ်းထိပ်အနီး လမ်းဘေးယာဉ်ရပ်နားရာနေရာတွင် ရပ်ထားသော ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးသည် ဇွန် ၂၇ ရက် နံနက် ၇ နာရီခွဲခန့်က ယင်းယာဉ်ရှေ့လမ်းဘေးအစွန်ယာဉ်ကြောပေါ်တွင် ရပ်ထားသော အခြားကိုယ်ပိုင်ယာဉ်တစ်စီးကြောင့် အချက်ပေးကားဟွန်းသံ အဆက်မပြတ်ပေးနေသဖြင့် လမ်းသွားလမ်းလာများ ဝိုင်းဝန်းကြည့်ရှုနေမှုကြုံတွေ့ရသည်ဟု ယင်းနေရာအနီးတွင်နေထိုင်သူ ကိုသန်းဦးက ဆိုသည်။

ယင်းသို့လမ်းဘေးတွင် ယာဉ်နှစ်ထပ်ရပ်နားထားပြီး ယာဉ်ပေါ်တွင် ယာဉ်မောင်းသူမရှိခြင်း၊ ဆက်သွယ်ရန်ဖုန်းနံပါတ်ရေးမထားသည့်အတွက် ယာဉ်ရပ်နားရန်နေရာတွင် ရပ်ထားသောယာဉ်များ ထွက်လိုသည့်အခါ စိတ်အနှောင့်အယှက်နှင့် အခက်အခဲများ ကြုံတွေ့ရမှုကို နေရာအများအပြားတွင် မြင်တွေ့နေရဆဲဖြစ်သည်။ ကားဟွန်းသံ အဆက်မပြတ်ပေးသဖြင့် ပတ်ဝန်းကျင်နေ အများပြည်သူများအပေါ် ဆူညံမှုဖြစ်စေသည်။ ဖြစ်စဉ်ကို ဝိုင်းဝန်းကြည့်ရှုသူများရှိလာသည်။ လမ်းဘေးယာဉ်ရပ်ရန်နေရာရှိ ယာဉ်များရှေ့ပိတ်ရပ်ထားသော ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိယာဉ်ဖယ်စေလိုသည့်အချိန်တွင် ဖယ်နိုင်ရန် ဖုန်းနံပါတ်များ မြင်သာသည့်နေရာတွင် ထားရှိပေးရန်လိုအပ်သည်။

သိန်းပေါင်းများစွာတန်ဖိုးရှိသော အိမ်စီးယာဉ်များပိုင်ရှင်အနေဖြင့် မိမိ၏ အပြုအမူ၊ အလေ့အကျင့်၊ လုပ်ဆောင်မှုတို့သည် ပတ်ဝန်းကျင်ရှိသူများအား ထိခိုက်အနှောင့်အယှက်ဖြစ်စေခြင်းမျိုးမဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်သင့်သည်ဟု ယင်းဖြစ်စဉ်မြင်တွေ့ခဲ့ရသူများက သုံးသပ်ပြောဆိုနေကြသည်။

လမ်းဘေးယာဉ်ရပ်ရန်နေရာများတွင် ဈေးရောင်းချနေမှုများကြောင့် ယာဉ်ရပ်ရန် အခက်အခဲရှိသည်ဆိုပြီး လမ်းဘေးအစွန်ယာဉ်ကြောပေါ်တွင် ယာဉ်နှစ်ထပ်ရပ်ခြင်းများ ရန်ကုန်မြို့တွင်းရှိ ကားလမ်းများတွင် မြင်တွေ့နေရသည်။ ရုံးချိန်အတွင်း သက်ဆိုင်ရာမှ အရေးယူနေမှုကြောင့် အချိန်ကြာစွာရပ်နားမှုနည်းသော်လည်း ရုံးချိန်ပြင်ပ နံနက်ပိုင်း၊ ညနေနှင့် ညပိုင်းတို့တွင် အချိန်ကြာမြင့်စွာ ယာဉ်နှစ်ထပ်ရပ်နားခြင်း၊ ယာဉ်ရှေ့တွင် ဆက်သွယ်ရန်ဖုန်းနံပါတ် ကပ်ထားမှုမရှိခြင်းတို့ကြောင့် လမ်းဘေးယာဉ်ရပ်နားရာနေရာတွင် ရပ်နားသည့် ယာဉ်ပိုင်ရှင်များ မကြာခဏ အခက်အခဲနှင့်ကြုံတွေ့နေရဆဲရှိနေသည်ဟု အိမ်စီးယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်မြို့လယ်ရှိ ကားလမ်းမအချို့ဘေး ယာဉ်ရပ်နားရန်နေရာများတွင် အခကြေးငွေရယူစောင့်ရှောက်နေသည့် ပုဂ္ဂလိကအမျိုးသား၊ အမျိုးသမီးများမြင်တွေ့နေရသည်။ ယင်းနေရာမျိုးတွင် တာဝန်ယူလုပ်ဆောင်မှုများကြောင့် လမ်းဘေးယာဉ်နှစ်ထပ်ရပ်နားမှုများတွင် အလွယ်တကူဆက်သွယ်ရန် ယာဉ်ဖယ်ရှားနိုင်မှုရှိလာသည်ကို မြင်တွေ့ရသည်။ နိုင်ငံတော်မှ အခမဲ့ယာဉ်ရပ်နားခွင့်ပြုထားသော်လည်း စည်းကမ်းမဲ့လမ်းဘေးအစွန်ယာဉ်ကြောတွင် ယာဉ်နှစ်ထပ်ရပ်သည့်အပြုအမူ၊ အလေ့အထများကြောင့် အခကြေးငွေဖြင့် ဝန်ဆောင်မှုပေးသည့် ယာဉ်နေရာချထားသည့်လုပ်ငန်းတွင် ကူညီလုပ်ကိုင်သူများ များပြားလာနိုင်သည်ဟု လသာမြို့နယ်နေ ဦးမြင့်သောင်းက ဆိုသည်။

**(မောင်စေအောင်)**



# ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်း

**နေပြည်တော် ဇွန် ၂၇**

ကျေးလက်နေပြည်သူများအား လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးစသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာတွင် စီမံကိန်းအထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် ကနဦးရရှိငွေကျပ် ၂၀၈ သိန်းထဲမှ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး အရှည် ၆၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇွန်လနောက်ဆုံးအပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာအတွက် ကနဦးရရှိငွေကျပ် ၂၀၈ သိန်းကို လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၆၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရရှိရေးအတွက် ၃၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ငါးရာခိုင်နှုန်းအဖြစ် အသီးသီးခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မဲဒီးကျေးရွာ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်းက စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေး စသည့်လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်မိ ရပ်ဖများနှင့် ကျေးရွာနေပြည်သူများကို နားလည်သဘောပေါက်အောင် ရှင်းလင်းချပြပြီး ကျေးရွာပြည်သူလူထု၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကျေးရွာနေပြည်သူများကိုပါ အားလုံးပါဝင်စေပြီး ငွေကြေးသုံးစွဲမှုများကိုလည်း ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဒီးကျေးရွာအနေဖြင့် လက်ရှိကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းအပြင် စီမံကိန်း၏ကဏ္ဍတစ်ရပ်ဖြစ်သည့် ဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကိုလည်း မကြာမီဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိကြောင်း ပြောကြားသည်။

**(ရွှေကူတ္တို)**

# ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပေါင် ဇွန် ၂၇**

သထုံခရိုင် ပေါင်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများသည် ဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း ဂန့်ဂေါဝတ်ဆံခန်းမ၌ ဇွန် တတိယပတ်က အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံသားစိစစ်ကတ်ပြားများကို ကျောင်းသား ကျောင်းသူ ၁၀၇ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သေရင် ထားခဲ့နိုင်တယ်

**မိုးထွန်း**

ဘာသာတရားနှင့်ကိုးကွယ်ယုံကြည်မှုများကြောင့် "သေရင်ကိုယ့်နောက်ပါမှာ"ဟု ဆိုနိုင်ဖွယ်များ ရှိပါမည်။ သို့သော် ဤနေရာတွင် "သေရင်ကိုယ့်နောက်မပါ"နှင့် "သေရင် ထားခဲ့နိုင်တယ်"ဆိုသည့် စကားနှစ်ရပ်ကိုသာ စဉ်းစားနေမိပါသည်။

"သေရင် ကိုယ့်နောက်မပါ" စကားသည် လောကီပစ္စည်းဥစ္စာ၊ ရာထူး၊ ဘွဲ့၊ အကျော်စောတို့အတွက် အမှန်တရားတစ်ခုဖြစ်ကောင်းဖြစ်မည်။ လောကအကျိုးပြုခြင်း၊ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံခြင်း၊ စံထားအတုယူထိုက်ခြင်းတို့အတွက်မူ "သေရင်ထားခဲ့နိုင်တယ်"ဆိုသည့်စကားက အမှန်တရားတစ်ခုဖြစ်သည်။ ဗုဒ္ဓက ဓမ္မနှင့်သံဃာတို့ကို ထားခဲ့နိုင်သည်။ သံဃာမထေရ်တော်မြတ်တို့က ပရိယတ်၊ ပဋိပတ်နှင့် ပဋိဝေဓတို့ကို ထားခဲ့နိုင်သည်။ ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ပညာနှင့်သူတော်ကောင်းတရားတို့ကို ထားခဲ့နိုင်သည်။ ထို့အတူ ခေါင်းဆောင်ကောင်းများ၊ လူချွန်လူမွန်များ၊ တွေးခေါ်ပညာရှိများ၊ တီထွင်ပညာရှင်များ၊ စာပေအနုပညာရှင်များ၊ သူရဲကောင်းများ၊ စွန့်စားရှာဖွေသူများ၊ ပရဟိတသမားများ၊ လောကအကျိုးဆောင်သူများသည် ဆိုင်ရာဆိုင်ရာ အမွေအနှစ်များ ထားခဲ့နိုင်သည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ကြီးသူနှင့်ငယ်သူ၊ ရှိသူနှင့်မရှိသူ၊ စွမ်းသူနှင့်မစွမ်းသူ၊ သွားလေသူနှင့်ကျန်လေသူတို့အကြား ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထားခဲ့နိုင်ကြပါသည်။

သေသူကို ရှင်သူတို့က တနေခြင်းသည် "သေရင် ထားခဲ့နိုင်တယ်" ဆိုသည့် အမှန်တရားကြောင့်ဖြစ်သည်။

ကွယ်လွန်သူကို ကုသိုလ်ပြုအမျှပေးဝေခြင်း၌ "သေရင်ထားခဲ့နိုင်တယ်" ဆိုသည့်(ဝါ) ကျန်ရစ်သူတို့ လေးစားတန်ဖိုးထားရသည့်အကြောင်းတရားများ ရှိပါသည်။

ကွယ်လွန်လေသူ ဘိုးဘွားမိဘများအား တခမ်းတနားပူဇော်ကန်တော့ကြသည့် တရုတ်ရိုးရာဓလေ့ကို တရုတ်ပညာရှိ ကွန်ဖြူးရှပ်က ကိုယ်တိုင်နှစ်မြို့ယုံကြည်လှခြင်း မရှိသော်လည်း "အဘယ်ကြောင့် ကွယ်လွန်လေပြီးသော ဘိုးဘေးများကို ကန်တော့ကြသနည်း။ မေးခွန်းထုတ်လျက် သွားလေသူတို့၏ ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရကန်တော့ရုံမက ကိုယ်ကိုယ်တိုင်လည်း နောင်လူတို့၏ အောက်မေ့သတိရကန်တော့ခြင်းနှင့် ထိုက်တန်အောင် ယခုမျက်မှောက် ကျင့်ကြံနေထိုင်အားထုတ်သင့်တာပေါ့"ဟုဆိုကာ "သေရင်ထားခဲ့နိုင်တယ်" ဆိုသည့် အမှန်တရားကို အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့သည်။

နိုင်ငံတကာ၌ ပျံ့နှံ့နေထိုင်လျက်ရှိသော ဂျူး၊ တရုတ်နှင့် အိန္ဒိယလူမျိုးအတော်များများတို့သည် အလွန်ချမ်းသာကြွယ်ဝကြသော်လည်း မွေးမြေဇာတိနိုင်ငံများတွင် ဆင်းရဲသော ဂျူး၊ တရုတ်နှင့် အိန္ဒိယများ ရှိနေကြောင်း၊ ထို့ကြောင့် မွေးမြေရပ်ခြားရှိ ဂျူး၊ တရုတ်နှင့် အိန္ဒိယသားလူမျိုးတို့၏ ချမ်းသာကြွယ်ဝခြင်းသည် လူမျိုး၏ ယုံကြည်မှု၊ ယဉ်ကျေးမှုဓလေ့၊ အစဉ်အလာ၊ ပင်ကိုအရည်အသွေး၊ အလေ့အထုံများထက် မွေးမြေရပ်ခြားနိုးကြားမှု (Oversea Alert) ဆိုသည့် သတ္တိထူးကြောင့်ဖြစ်ကြောင်း သုံးသပ်ထားသည့် ADB စစ်တမ်းတစ်ခုကိုဖတ်မိပြီး သတိထားလေ့လာကြည့်ရာ မွေးမြေရပ်ခြား စွန့်စားသွားလာအလုပ်လုပ်သော မြန်မာနိုင်ငံသားများထံလည်း ထိုသတ္တိထူး မည့်ကြောင်း တွေ့မြင်လိုက်ရသဖြင့် မွေးရပ်မြေခြားနိုးကြားမှု (Oversea Alert) က "သေရင် ထားခဲ့နိုင်တယ်"စကားရပ်ကို လှုပ်နှိုးသလို ခံစားရပါသည်။

၁၉၅၀ နှစ်များနှောင်းပိုင်းနှင့် ၁၉၆၀ နှစ်များဝန်းကျင်က တောင်ကိုရီးယားလူမျိုးတို့သည် ပြည်ပနိုင်ငံများဆီသို့ စွန့်စားထွက်ခွာ အလုပ်လုပ်လိုက်ကြသည်မှာ အသက်အန္တရာယ်အလွန်များသော မိုင်းတွင်းများတိုင်ဖြစ်ခဲ့သည်။ အလုပ်ကိုလည်း အလွန်ကြိုးစားခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး "မင်္ဂလာပါ"၊ "ကောင်းသော နံနက်ခင်းပါ"စသည့် နှုတ်ဆက်စကားတို့အစား "ကြိုးစားဟေ့"၊ "ချကွာ" လို့သာ သုံးနှုန်းနှုတ်ဆက်ခဲ့ကြသူတို့၏ "သေရင် ထားခဲ့နိုင်တယ်" ဆိုသည့် ပြယုဂ်က ခုလို တိုးတက်ဖွံ့ဖြိုးသော တောင်ကိုရီးယားသမ္မတနိုင်ငံကြီး ဆိုလျှင် မှားအံ့မထင်။

ထို့ကြောင့် "သေရင် ကိုယ့်နောက်မပါ" ဆိုသည့် အမှန်တရားနှင့်အတူ "သေရင် ပေးထားခဲ့နိုင်တယ်"ဆိုသည့် အမှန်တရားကိုလည်း လက်ကိုင်ပြုလျှင် လောကအတွက် အမြတ်ထွက်စရာရှိပါသည်။ "သေရင် ပေးထားခဲ့နိုင်တယ်" ဆိုသည့် အမှန်တရားသည် နိုင်ငံတစ်ခုအတွက်ဆိုလျှင် နယ်နိမိတ်အကန့်အသတ်ရှိနေမည်ဖြစ်ပြီး လူမျိုးအတွက်ဆိုလျှင် တစ်စုတစ်ဖွဲ့ဆိုရာ ရောက်မည်ဖြစ်သောကြောင့် လောကအကျိုးများစေမည်ဟုသာ ယုံကြည်ခွန်းဆင့်လိုက်ပါကြောင်း။ ။

# ပခုက္ကူမြို့နယ် နုံးပို့လျှပ်စစ်မြစ်ရေတင်မှ ရေပေးဝေနိုင်တော့မည်

**ပခုက္ကူ ဇွန် ၂၇**

ပခုက္ကူမြို့နယ် နုံးပို့ကျေးရွာအနီး နိုင်ငံတော်က ၂၀၀၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့၍ ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံပွဲကို ဇွန် ၂၄ ရက်က အဆိုပါ စီမံကိန်းရှင်းလင်းဆောင်တွင် ကျင်းပသည်။

အဆိုပါ နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ပြည့်စုံလုံလောက်သော လျှပ်စစ်ဓာတ်အားမရရှိမှုကြောင့် ကြန့်ကြာမှုများဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ ပခုက္ကူမြို့ ဗုဒ္ဓကုန်းရပ်တွင် လျှပ်စစ်ဓာတ်အားခွဲရုံ သီးသန့်တည်ဆောက်ပြီးဖြစ်၍ မြစ်ရေတင်လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေသောက်ဧက ၈၀၀၀ အထိအကျိုးပြုနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေရရှိလာမှုနှင့်အတူ သီးထပ်သီးညှပ်သီးနှံများ စိုက်ပျိုးလာနိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာခြင်း၊ ဒေသဝမ်းစာဖူလုံရေးအထောက်အကူပြုနိုင်ခြင်း၊ ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်သည်။

နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပင်မမြောင်း ၅ ဒသမ ၃၇၉ မိုင်၊ လက်တံမြောင်း ၁၂ ဒသမ ၃၂၁ မိုင်၊ လက်တံခွဲမြောင်း ၆ ဒသမ ၃၃၅ မိုင်ရှိပြီး ဧရာဝတီမြစ်ရေကို ရေတင်အဆင့်လေးဆင့်ဖြင့် တစ်ရက်လျှင် ရေ ၃၅၇ ဧကပေ ပေးဝေနိုင်ကြောင်း ယင်းစီမံကိန်းအချက်အလက်များအရသိရသည်။

နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ပတ်သက်၍ ဒေသခံတောင်သူတစ်ဦးဖြစ်သူ ဦးညီညီက မိမိတို့ ဆယ်နှစ်ခန့်စောင့်စားလာရသည့်စီမံကိန်းမှ ရေများ စတင်ပေးဝေနိုင်တော့မည်ဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ စီမံကိန်းမြောင်းများအတွင်း ပါဝင်သောမြေယာများအတွက် နစ်နာမှုများရှိပါကြောင်း၊ သို့သော်လည်း မိုးကိုသာ မျှော်လင့်နေရသည့်ဘဝမှ ရေအတွက်မကြောင့်ကြရတော့သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်လာနိုင်တော့မည်ဖြစ်ကြောင်း၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ခြင်းဖြင့် ဝင်ငွေများတိုးတက်လာမည်ဖြစ်၍ ဝမ်းသာရပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး ဦးမြင့်ဦးနှင့် ရေသောက်ဧရိယာတွင်ပါဝင်သည့် ညောင်ပင်၊ နံ့ဂါတ်၊ အောင်သာ၊ အနောက်မကျီးကန်၊ ရှင်မကန်ကျေးရွာတို့မှ တောင်သူများတက်ရောက်ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ရေမြောင်းများ စမ်းသပ်ရေလွှတ်နေပြီဖြစ်၍ သီးနှံများ စိုက်ပျိုးရေးနှင့် ရေပေးဝေနိုင်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းတင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပခုက္ကူမြို့နယ်သည် မိုးရွာသွန်းမှုအနေဖြင့် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၂၂ ဒသမ ၇၇ လက်မသာရရှိသည့် ဒေသဖြစ်ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။

**သတင်းမုဆိုး(ပခုက္ကူ)**





# ဆီစက်လုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရန်အတွက် ဆွေးနွေးအဖြေရှာ၍ နိုင်ငံတော်သို့ တင်ပြမည်

**မန္တလေး ဇွန် ၂၇**

မြန်မာနိုင်ငံတွင် ဆီစက်လုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်မှာ ရပ်တန့်နေပြီး လည်ပတ်ရန်ခက်ခဲနေသည်ကို ဖြေရှင်းနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆီစက်လုပ်ငန်းရှင်များက ဆွေးနွေးအဖြေရှာပြီးနောက် နိုင်ငံတော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးက ပြောသည်။

မန္တလေးမြို့ အောင်မြင်ခြင်းဟိုတယ်တွင် ဇွန် ၂၆ ရက်က ပြုလုပ်သောတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အမှုဆောင်များက ဆီစက်လုပ်ငန်းများ ရပ်ဆိုင်းနေရခြင်းကို နည်းလမ်းရှာ ဆွေးနွေးခဲ့ကြသည်။

"ဆက်လက်ရှင်သန်ဖို့ အမှန်တကယ်တွေ့ရတဲ့ အခက်အခဲတွေကို ဆွေးနွေးကြတယ်။ စားအုန်းဆီတင်သွင်းတာတွေ၊ အရောအနှော လုပ်နေတဲ့ကိစ္စတွေကို ထိန်းသိမ်းမယ်ဆိုရင် ဆီစက်တွေ ပြန်လည်ရှင်သန်ကာ ဖွံ့ဖြိုးတိုးတက်လာမယ်။ Bi-product တွေတက်လာပြီး ထုတ်လုပ်မှုစရိတ်ကျလာမယ်"ဟု ၎င်းက ပြောသည်။

ဆီစက်များ လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်း၊ စက်ယန္တရား၊ ကျွမ်းကျင်လုပ်သား၊ ဈေးကွက်သာမက ငွေကြေးပြည့်စုံရန်လိုအပ်ကြောင်း၊ အဓိကကုန်ကြမ်းဖြစ်သည့် မြေပဲနှင့် နှမ်းတို့မှာ အလုံးလိုက်ပြည်ပသို့ တင်ပို့နေသဖြင့် ယင်းမှ ထွက်ရှိလာသည့် ဆီနှင့် ပဲဖတ်၊ နှမ်းဖတ်များလည်း ဆုံးရှုံးရသည်ဟုဆိုသည်။

"ဆီနဲ့ ပတ်သက်ပြီး ပြည်တွင်းသုံးစွဲမှုတစ်ခုတည်း အားကိုးလို့မရဘူး။ ဥရောပနိုင်ငံတွေက မြန်မာဆီကို ကြိုက်ကြတော့ ပြည်ပဈေးကွက်ကို မျှော်မှန်းသင့်တယ်။ နိုင်ငံတော်ဘက်ကလည်း အားပေးဖို့လိုအပ်တယ်။ ကျန်းမာရေးအနေနဲ့လည်း ကျယ်ပြန့်စွာ အသိပေးဖို့လိုတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးသောင်းအေးက ပြောသည်။

ကျန်းမာရေးထိခိုက်နိုင်သော ဆီများနှင့်ရောနှော၍ ဈေးကွက်တွင် ရောင်းချခြင်းများမရှိရန် အစိုးရဌာနများဖြစ်သည့် စားသုံးသူရေးရာနှင့် FDA တို့ ပူးပေါင်းပြီး တိကျစွာအရေးယူခြင်းနှင့် အဓိကကုန်ကြမ်းများကို သင့်တင့်သည့်နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် လုပ်ဆောင်ပေးပါက မြန်မာ့ဆီအစစ်ဈေးကွက် ရှင်သန်လာမည်ဟု ဆိုသည်။

"ရှမ်းပြည်မှာ မြေပဲထက် ဈေးပိုရတဲ့ ပြောင်းဖူးကို ပြောင်းစိုက်နေကြတော့ ကုန်ကြမ်းမလုံလောက်တော့ဘူး။ ဆီစက် ၃၂ ခုမှာ သုံးလုံးပဲလည်ပတ်တာတောင် နေ့စဉ်မဟုတ်ဘူး။ ဈေးကွက်မှာ စားအုန်းဆီကို အနံ့ထည့်ပြီး ရောင်းနေကြတယ်။ ဒါကိုပြင်းထန်တဲ့ ပြစ်ဒဏ်တွေနဲ့ တကယ်အရေးယူဖို့လိုတယ်"ဟု ရှမ်းပြည်နယ် ဆီစက်ပိုင်ရှင်အသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က ပြောသည်။

ဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျှင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့ တိုးတက်လာမည်ဖြစ်၍ ဆီစက်အလုပ်သမားများ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ပြီး ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချပါက သွင်းကုန်တန်ဖိုးလျော့ကျ၍ ဆီစက်နှင့်ပတ်သက်သော စက်ကိရိယာများကို မြှင့်တင်ကာ နိုင်ငံခြားတင်ပို့ခြင်းဖြင့် ပို့ကုန်ကဏ္ဍမှ နိုင်ငံအတွက် ဝင်ငွေရမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

# သမဝါယမအသင်းစုဝင်ကိုယ်စားလှယ်များအား အမြတ်ငွေများ ထုတ်ပေး

**ရမည်းသင်း ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမအသင်းစု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြို့နယ်သမဝါယမအသင်းစုဝင် ကိုယ်စားလှယ်များကို အစုအပေါ် အမြတ်များ ထုတ်ပေးသည့် အခမ်းအနားကို ဇွန် ၂၄ ရက်က ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းမောင်က ဆောင်ရွက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးတို့က အမှာစကားပြောကြားကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက ရက် ၁၀၀ အတွင်း သမဝါယမလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် အသင်းသားများ စုဆောင်းငွေအတိုး ပြန်လည်ထုတ်ပေးရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ ဦးလှမောင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှစ်ချုပ်စာရင်းစစ်ဆေးချက်အစီရင်ခံစာတို့ကို ဖတ်ကြားပြီး ရမည်းသင်းမြို့နယ်အတွင်း မြို့နယ်သမဝါယမအသင်းစုဝင်ကိုယ်စားလှယ်များအား အစုပေါ် အမြတ်ငွေများ ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်(ရွှေဈေး) ၈၀၃၅၀၀ - ၈၀၄၅၀၀၊ မန္တလေး(ရွှေဈေး) ၈၀၃၀၀၀ - ၈၀၄၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**၂၀-၆-၂၀၁၆ ရက်နေ့မှ ၂၄-၆-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၃၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၂၉ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈. ၈၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၅၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၇. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၄၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၅၇. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၄၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၈. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၀. ၇၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် သီရိဝံသ ရာဇဝင်ဇာတ်ကြီးဖြင့် ဖျော်ဖြေတင်ဆက်

**ရန်ကုန် ဇွန် ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်နှင့်အညီ ကျင်းပသည့် ဖျော်ဖြေပွဲတွင် သီရိဝံသ ရာဇဝင်ဇာတ်ကြီးကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။



ယနေ့ခေတ်လူငယ်များ မြန်မာ့ရိုးရာယဉ်ကျေးမှုကို သိရှိခံစားပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အနုပညာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ အဆိုပါပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက "ဝန်ကြီးဌာနအနေနဲ့ ကိုယ့်အမျိုးဘာသာ သာသနာကို စောင့်ရှောက်မယ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းမြှင့်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်တဲ့ ရိုးရာရှေးဟောင်း ဆို၊ ငို၊ ပြောကိုအခြေခံတဲ့ သီရိဝံသ ရာဇဝင်ဇာတ်ကြီးကို ပြည်သူတွေကို အခမဲ့ ဖျော်ဖြေတင်ဆက်တာပါ"ဟု ပြောသည်။

ယမန်နေ့ညတွင် ကျင်းပသည့် ဖျော်ဖြေပွဲတွင် သီရိဝံသရာဇဝင်ဇာတ်ကြီးအပြင် ကဗျာလွတ်ယိမ်းအက၊ နဝရတ်ကိုးသွယ် လှမျိုးခြယ်အက၊ ပွဲဦးအလင်္ကာအက (မင်းညီနောင်)၊ မြူးကြွလှပသေတ္တာအက၊ ကောင်းချီးသဘင် နန်းတွင်းယိမ်းအက၊ စည်တိုအတီးစုံတွဲအက၊ ထာဝရမြန်မာယိမ်းအက (တိုင်းရင်းသားအက)များနှင့် နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

သီရိဝံသ ရာဇဝင်ဇာတ်ကြီးသည် အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် မကျီးစင်ရွာကို နောက်ခံရာဇဝင်အခြေခံထားသည့် ဇာတ်ကြီးဖြစ်ပြီး ဇူလိုင် ၉ ရက်တွင်လည်း မန္တလေးမြို့တွင် ဆက်လက်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း အနုပညာဦးစီးဌာနမှ သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



## အယ်လ်ဘမ်သစ် မထွက်ခင်ကတည်းက ကြိုတင်မှာယူမှု အချပ်ရေ တစ်သိန်းကျော်ရရှိခဲ့သည့် တေးယွန်

ကေပေါ့ပ်အဖွဲ့ Girls' Generation မှ တေးသံရှင် တေးယွန်၏ Why အမည်ရှိ မီနီအယ်လ်ဘမ်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းကမှ ထွက်ရှိခဲ့သော်လည်း ၎င်းအယ်လ်ဘမ်အား ကြိုတင်မှာယူထားသောအချပ်ရေပေါင်းမှာ တစ်သိန်းနှစ်ထောင်ကျော်ရှိကြောင်း သိရသည်။

Title သီချင်း Why ပါဝင်သည့် အဆိုပါမီနီအယ်လ်ဘမ်အတွက် ကြိုတင်အမြည်းအဖြစ် Starlight သီချင်းကို ဖြန့်ချိခဲ့ပြီးဖြစ်ကာ ယင်းသီချင်းသည် မြောက်မြားစွာသော ဂီတဇယားများတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ကာ မြူးကြွလှသည့် တီးလုံးတီးကွက်များနှင့် ကချင်သူများအတွက် သင့်တော်လှသည့် Up & Down သီချင်းသည်လည်း အောင်မြင်မှုများ ရရှိခဲ့ကြောင်းသိရသည်။

တေးယွန်၏ Butterfly Kiss အမည်ရှိ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်မှ စတင်ကာ တောင်ကိုရီးယားနိုင်ငံရှိ မြို့အနှံ့အပြားတွင် ဩဂုတ်လဆန်းပိုင်းအထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

## အသက်အရွယ်ရလာသည်အထိ သရုပ်ဆောင်လုပ်သွားမည့် ဆောင်ဂျွန်ကီ



တောင်ကိုရီးယားအနုပညာရှင် ဆောင်ဂျွန်ကီက ၎င်း၏ ငယ်စဉ်ကတည်းက အိပ်မက်သည် သရုပ်ဆောင်တစ်ဦးဖြစ်လာရန်ပင်ဖြစ်ကြောင်း ဇွန် ၂၅ ရက်က တိုင်ပေတွင်ကျင်းပခဲ့သည့် ၎င်း၏ပရိသတ်တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆောင်ဂျွန်ကီအနေဖြင့် သရုပ်ဆောင်တစ်ဦးဖြစ်လာရန် စိတ်ကူးရှိခဲ့သော်လည်း ကင်မရာရှေ့တွင်ခံစားရသည့် စိတ်လှုပ်ရှားမှုများကို လွန်စွာစိုးရိမ်ခဲ့ပါကြောင်း၊ ကျင်းပခဲ့ပြီးသည့် ပရိသတ်တွေ့ဆုံပွဲ ကိုးပွဲတွင် ပရိသတ်များနှင့် မျက်နှာချင်းဆိုင်မိတ်ဆက်ခဲ့ခြင်းမှလည်း အတွေ့အကြုံများ ပိုမိုရရှိလာခဲ့ပါကြောင်းဖြင့် ပြောကြားသည်။ ထို့အပြင် ဆောင်ဂျွန်ကီအနေဖြင့် အသက်အရွယ်ရလာသည့်တိုင်အောင် သရုပ်ဆောင်လောကတွင် ရပ်တည်သွားလိုကြောင်း ထပ်မံထည့်သွင်းပြောကြားခဲ့သည်။

"နောက် ကျွန်တော် အသက်(၃၀)လောက်ဖြစ်တဲ့ထိတိုင်အောင် သင့်တော်တဲ့ ဇာတ်ကောင်အချို့မှာ ပါဝင်သရုပ်ဆောင်ချင်ပါသေးတယ်။ အဲဒီအခါ လူကြိုက်များမှု လျော့ကျသွားပြီး ပါဝင်ရတဲ့အခန်းတွေ နည်းသွားမယ်ထင်ပါတယ်။ ဒါပေမယ့် အသက်အရွယ်က အခွင့်အရေးပေးနေသလောက် သရုပ်ဆောင်လုပ်သွားမှာပါ။ အနာဂတ်မှာလည်း သရုပ်ဆောင်လုပ်ငန်းကို အားတက်သရော ပါဝင်ဆောင်ရွက်သွားမှာပါ"ဟု ဆောင်ဂျွန်ကီက ဆိုသည်။ ၎င်းအပြင် ဆောင်ဂျွန်ကီသည် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဆောင်းဟေကိုနှင့် ချစ်ကြိုက်နေသည်ဟူသော သတင်းစကားများထွက်ပေါ်နေခဲ့ပြီး သရုပ်ဆောင်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး "သူ့ဘက်က အဆင်ပြေမယ်ဆိုရင် အနုပညာပိုင်းဆိုင်ရာလုပ်ငန်းတွေမှာ လက်တွဲချင်ပါတယ်။ အသက် (၃၀) လောက်ထိပေါ့"ဟု ၎င်းက ပြောသည်။

မျိုးစန္ဒာမောင်
စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈- ၆ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ -အဖွင့်
- -မိုးလေဝသအစီအစဉ်
- -ပြည်သူ့နီတိ "စည်းအပြင်ကလူ"
- ၆း၂၀ -ကာတွန်းအစီအစဉ် "Bee Movie"(အပိုင်း-၁)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၂၈)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . . စေလိုရာစေ" (အပိုင်း-၈)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ ရွှေမန်းဇာတ်သဘင် (အပိုင်း-၂)
- ၉း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "တတိယမြောက် ပထမသတို့သား"
- ၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၇း၅၀ ရှေးဘုရားကြီးများကို ဖူးမြော်ကြည်ညိုစုံလင် ရခိုင်ပြည်နယ်တစ်ခွင် (အပိုင်း-၂)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ် (မြိတ်မောင်တိတ်)
- ၁း၀၀ "မဟာသာဝကကြီးတို့၏ စကားဝိုင်း" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅၄)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၆)
- ၄း၀၅ Cartoon Series (Go Go Giggles)
- ၆း၁၀ Health Fix
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၄)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် ဂျန်းယောလ်ရှီးလ်" (အပိုင်း-၂၆)
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၅ World of Knowledge (Curise Ship Diaries: Inspector On Board)

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ DVD Hits
- ၈း၄၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၁၀ World Wide Web
- ၉း၂၅ ရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၁၀း၁၅ Books Guide
- ၁၀း၃၀ Guide For You
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၁၁း၂၅ Sportcast
- ၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ကျန်းမာသုတ
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၀ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Sport Review
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၃၃)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ချစ်ပန်းသခင် (အပိုင်း-၃၂)
- ၆း၁၀ Let's Go To
- ၆း၃၅ Dream Teamရဲ့စိန်ခေါ်မှုများ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဇကရီ (အပိုင်း-၄၃)
- -VOAအင်္ဂလိပ်စာသင်ခန်းစာ
- -ဟာသရုပ်စုံ
- -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် (အပိုင်း-၄၁)
- (ဇာတ်သိမ်းပိုင်း)

### mitv

- 07:26 Rakhine Tourist Area
- 07:56 Goldsmith
- 08:26 School For the Blind (Kyee Myin Dine)
- 08:51 Inspiration
- 09:26 Choral Dance (Duel)
- 09:34 Choral Dance By Female Dancers
- 09:42 Prawn Breeding Industry
- 09:49 Today Myanmar: Squatter Issue in Yangon
- 10:26 Gardener: King Orange Plantation
- 10:39 Paper Products... Plain but Pretty
- 07:27 A Day Out With Sarah (Ep-3)
- 07:51 Writer
- 08:26 Discovering Tribes Pre Kayaw: Their Life and Customs (Part- II)
- 08:52 Great Minds Of Myanmar - U Kyaw Win (Anthropologist)

# ပြင်သစ်၊ ဂျာမနီနှင့် ဘယ်လ်ဂျီယံတို့ ကွာတားဖိုင်နယ်တက်လှမ်း




ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်များကို ဇွန် ၂၆ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်း၊ ဂျာမနီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ပြိုင်ဘက်အသင်းများကို အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အိမ်ရှင်ပြင်သစ်အသင်းသည် ၁၆ သင်းအဆင့်တွင် အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲစပြီး နှစ်မိနစ်မှာပင် အိုင်ယာလန်အသင်းက ပင်နယ်တီသွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ သို့ရာတွင် ပြင်သစ်အသင်းသည် ယူရိုပြိုင်ပွဲတစ်လျှောက်တွင် ဒုတိယပိုင်းရောက်မှသာ ဂိုးသွင်းယူနိုင်ခဲ့သည့်ပုံစံအတိုင်း ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်နှင့် ၆၁ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပြင်သစ်အသင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အိုင်ယာလန်အသင်းသည် ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းခဲ့ရာမှ ပွဲကစားချိန် ၆၆ မိနစ်တွင် အိုင်ယာလန်ကစားသမား ဒက်ဖိုင်းအနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ပြင်သစ်အသင်းသည် အိုင်ယာလန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်အသင်းနှင့် အိုက်စလန်အသင်းတို့ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်တွင် နောက်ခံလူရာမီနှင့် ကွင်းလယ်ကစားသမားကန်တီတို့မှာ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်အသင်းနှင့် အိုင်ယာလန်အသင်းတို့၏ ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက သွင်းယူပေးခဲ့ပြီး တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပြင်သစ်အသင်း၏ အဓိက ကစားသမားဖြစ်လာခဲ့သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဂျာမနီအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့၏ ပွဲစဉ်တွင် ဂျာမနီအသင်းသည် ပွဲကစားချိန် ၈ မိနစ်မှာပင် ဘိုတန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၄၃ မိနစ်တွင် ဂိုမက်ဇ်၏ သွင်းဂိုး ထပ်မံရရှိခဲ့ခြင်းကြောင့် ပထမပိုင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ယင်းမှာ ကွင်းလယ်ကစားသမား အိုဇေးလ် ပွဲကစားချိန် ၁၄ မိနစ်တွင်ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုး လွဲချော်ခဲ့ခြင်းကြောင့် ပထမပိုင်းတွင် နှစ်ဂိုးသာရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဂျာမနီ အသင်းသည် ပွဲကစားချိန် ၆၆ မိနစ်တွင် ဂျူလီယန်ဒရက်ဇ်လာ၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် ဂျာမနီအသင်းက ဆလိုဗက်ကီးယားအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဂျာမနီအသင်းသည် အီတလီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံမည်ဖြစ်သည်။

ဂျာမနီအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့၏ ပွဲစဉ်တွင် ဂျာမနီအသင်းသည် ၄-၂-၃-၁ ကစားကွက်ကို ပုံဖော်ခဲ့ပြီး ဒရက်ဇ်လာကို ဘယ်ခြမ်းတွင်ထားကာ အိုဇေးလ်ကို ကွင်းလယ်အဓိကကစားစေခဲ့သည့်အပြင် တိုက်စစ်ပိုင်း၏ညာခြမ်းတွင် ဂိုမက်ဇ်၏ နောက်တွင် သောမက်မူလာအား ကစားစေခဲ့ခြင်းကြောင့် ဂျာမနီအသင်း၏ ကစားကွက်ကို ဆလိုဗက်ကီးယားအသင်း မထိန်းနိုင်ခဲ့ဘဲ ဂျာမနီအသင်းက အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂိုမက်ဇ်သည် ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယူရိုပြိုင်ပွဲတွင် ကလင်စမန်းနှင့်အတူ ဂျာမနီအသင်းအတွက် သွင်းဂိုးငါးဂိုး သွင်းယူနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။ ကွင်းလယ်ကစားသမား အိုဇေးလ်မှာမူ ယခု ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင်လည်း ပင်နယ်တီလွဲချော်ခဲ့ရခြင်းကြောင့် နိုင်ငံအသင်းအတွက်ရော ကလပ်အသင်းအတွက်ပါ နောက်ဆုံးသုံးကြိမ်ဆက် ပင်နယ်တီလွဲခဲ့ရသည့် မှတ်တမ်းလည်းဝင်သွားခဲ့သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဟန်ဂေရီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့၏ ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းသည် ဟန်ဂေရီအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် အသင်းခေါင်းဆောင်ဖြစ်သည့် တိုက်စစ်မှူး ဟာဇက်သည် အသင်းအတွက်အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးများကို အယ်လ်ဒါဝီး၊ ဘတ်ရှုယာဝီ၊ ဟာဇက်နှင့် ကာရက်စကိုတို့က သွင်းယူပေးခဲ့ပြီး လေးဂိုးပြတ်နိုင်ပွဲနှင့်အတူ ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဝေလအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

❐

ငွေကြယ်
စုစည်းရေးသားသည်




## လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပေါင်သန်း ၃၀ ဖြင့် မာနေးသဘောတူညီထား

ဆောက်သမ်တန်အသင်းတိုက်စစ်မှူး မာနေးသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် သဘောတူညီထားကြောင်း သိရသည်။

တိုက်စစ်မှူး မာနေးသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန်သဘောတူညီထားပြီဖြစ်သောကြောင့် လီဗာပူးအသင်းကခေါ်ယူခဲ့သည့် ကစားသမားများအနက် ဘန်တီကီနှင့် အန်ဒီကာရိုးတို့နောက်တွင် ဈေးအကြီးဆုံးကစားသမားအဖြစ် ရပ်တည်လာမည်ဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် တိုက်စစ်မှူး မာနေးအား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ရောင်းချရန် စီစဉ်ခဲ့သော်လည်း လက်ရှိတွင် ပေါင်သန်း ၃၀ ဖြင့် သဘောတူခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး မာနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဆောက်သမ်တန်အသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၇ ပွဲကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

## တိုက်စစ်မှူးမက်ဆီ နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်

အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ် မက်ဆီသည် နိုင်ငံလက်ရွေးစင်ကစားသမားဘဝနှင့် ကိုးနှစ်တာဖြတ်သန်းခဲ့ရာတွင် အဓိကပြိုင်ပွဲကြီးလေးခုတွင် အာဂျင်တီးနားအသင်းရှုံးနိမ့်ခဲ့ရသည့်အပြင် ချီလီအသင်းနှင့် ကစားခဲ့သည့် ကိုပါအမေရိကဖလားနောက်ဆုံးဗိုလ်လုပွဲတွင်လည်း ချီလီအသင်းအား ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း လူသိရှင်ကြားကြေညာခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဖလားရှစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလား လေးကြိမ်ဆွတ်ခူးထားနိုင်ခဲ့သော်လည်း အာဂျင်တီးနားအသင်းအတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

အာဂျင်တီးနားအသင်းအတွက် မက်ဆီ၏ စွမ်းဆောင်မှုသည် ၂၀၀၈ အိုလံပစ်ရွှေတံဆိပ်ဆုတစ်ခုသာ ရယူနိုင်ခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဂျာမနီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံဆုရှင်အဖြစ်မှ လွဲချော်ခဲ့ရသည့်အပြင် ၂၀၁၅ နှင့် ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း ချီလီအသင်းကို နှစ်နှစ်စလုံး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါသွင်းဂိုး ၃၁၂ ဂိုးအပါအဝင် ပွဲပေါင်း ၅၃၁ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ၄၅၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုလည်း ငါးကြိမ်အထိဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၁၄ ကမ္ဘာ့ဖလား၊ ၂၀၁၅ နှင့် ၂၀၁၆ ကိုပါအမေရိကဖလားအပါအဝင် ၂၀၀၇ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်းကို ရှုံးနိမ့်ခဲ့ရသည်။ မက်ဆီသည် ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင်မူ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ပထမဆုံးသွင်းယူခွင့်ရရှိခဲ့သည့် ပင်နယ်တီပင် လွဲချော်ခဲ့ရသည်။ ထို့ကြောင့် တိုက်စစ်မှူး မက်ဆီအနေဖြင့် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

(ဃ) သက်ကြီးရွယ်အိုများအတွက် မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်းကောင်း၊ထောက်ပံ့ရန်လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ကူညီထောက်ပံ့မှုတို့ကိုလည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသောမိသားစုပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်ကသဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများ ကြုံတွေ့ရသည့်ပြဿနာများ၏ အခြေခံအကြောင်းအရင်းများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်မည့်လေ့လာမှုများ၊ သုတေသနပြုခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး ထိရောက်သော လုပ်ငန်းလမ်းညွှန်ချက်များချမှတ်ပေးခြင်း၊

(ဈ) သက်ကြီးရွယ်အိုများ၏ပြဿနာများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း၊

(ည) စောင့်ရှောက်ရေးဌာနများ၊ အပန်းဖြေနားနေရန်နေရာများ၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနများနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ လမ်းညွှန်ချက်များနှင့် စည်းကမ်းချက်များချမှတ်ခြင်း၊ လိုအပ်သောပံ့ပိုးမှုများ ပေးခြင်း၊

(ဋ) သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိသည်ဟူသော ခံယူချက် တိုးပွားလာစေရန် ကျောင်းများနှင့် အခြားသင့်လျော်သောနေရာများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဌ) သက်ကြီးရွယ်အိုများခံစားခွင့်ရှိသော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များပေးခြင်း၊

(ဍ) မျိုးဆက်သစ်လူငယ်များကို သက်ကြီးရွယ်အို ဘဝအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော အစီအမံများကို မိတ်ဆက်ပေးခြင်း၊ သင့်လျော်သော လူမှုဖူလုံရေး အစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ၎င်းအစီအစဉ်များတွင် လူငယ်များပါဝင်လာရေးအတွက် တိုက်တွန်းအားပေးမှုပြုလုပ်ခြင်း၊

(ဎ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြန်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့၏ ရုံးလုပ်ငန်းတာဝန်များကိုဆောင်ရွက်ပေးရမည်။

၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရအသုံးငွေစာရင်းမှ ကျခံရမည်။

## အခန်း (၄)
## ဒေသဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာစီမံကိန်းကို မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ထိုစီမံကိန်းကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ သက်ကြီးရွယ်အို ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးထက်မပိုသော သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကိုဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင့်လျော်သည့်ကိုးဦးထက်မပိုသောပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ဒေသဆိုင်ရာ ကော်မတီများသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းနှင့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဒေသ၏ ဓလေ့ထုံးတမ်း၊ လူမှုအဖွဲ့အစည်းကျင့်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး အစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများက ဆောင်ရွက်ပေးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဒေသဆိုင်ရာကော်မတီများ၏ အဖွဲ့ဝင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ ဒေသဆိုင်ရာကော်မတီများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံး ငွေစာရင်းမှ ကျခံရမည်။

## အခန်း(၅)
## သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ

၁၅။ သက်ကြီးရွယ်အိုတိုင်းသည် ဤဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့် ရှိစေရမည်။

၁၆။ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည်-

(က) အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုခံယူရေးတို့တွင် သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊

(ခ) ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ဆောက်တည်ခွင့်၊

(ဂ) တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်၊ မိမိဘဝအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရန် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ခွင့်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊

(င) သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့် နေထိုင်မှု အဆင့်အတန်းရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊

(စ) တည်ဆဲဥပဒေများ၊ ဓလေ့ထုံးတမ်း ဥပဒေများနှင့်အညီ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်၊

(ဆ) စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးနှင့်မြေးများထံမှ စရိတ်ထောက်ပံ့မှု ရပိုင်ခွင့်၊

(ဇ) နိုင်ငံတော်နှင့်စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အို ထောက်ပံ့ငွေကိုရခွင့်၊

(ဈ) နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်၊

(ည) ၎င်းတို့၏ရပ်ရွာအတွင်း၌ ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစု စောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ရပ်ရွာအခြေပြုစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူများ ရပိုင်ခွင့်၊

(ဋ) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်းနှင့် အမြတ်ထုတ်ခြင်း စသည့်အချက်များမှ အကာအကွယ်ပေးမှုရရှိခွင့်၊

(ဌ) နာရေးကိစ္စ ဖြစ်ပေါ်သည့်အခါ မိမိတို့ကိုးကွယ်ရာ ဘာသာဓလေ့ထုံးစံအရ သင်္ဂြိုဟ်ခွင့်နှင့်သင်္ဂြိုဟ်စရိတ် ကျခံရန်အခက်အခဲရှိသူ ဘိုးဘွားများအတွက် စရိတ်ကင်းလွတ်ခွင့်၊

(ဍ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုသော သက်ကြီးရွယ်အိုဆိုင်ရာ အခြားအခွင့်အရေးများ ရရှိခွင့်၊

(ဎ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများပါ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများ ရရှိခံစားခွင့်။

## အခန်း(၆)
## မိဘ ဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီး မြေးတို့၏ တာဝန်များ

၁၇။ အရွယ်ရောက်သော မိသားစုဝင် သားသမီးနှင့်မြေးများသည် မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများရှိလျှင် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိလျှင် -

(က) မိဘ ဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သော စားဝတ်နေရေးနှင့် မိသားစုစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် သားသမီးနှင့် မြေးများ၏ ဝတ္တရားနှင့်အညီ စရိတ်ထောက်ပံ့ရန်နှင့် ပုံမှန်ကြည့်ရှု စောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) မိဘ ဘိုးဘွားများအား စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘ ဘိုးဘွားများအား သတ်မှတ်ချက်များနှင့်အညီ လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်။

၁၈။ သားသမီးနှင့် မြေးတို့က စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားကဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုး မိတ်ဆွေကဖြစ်စေ၊ ၎င်းတို့၏ကိုယ်စား ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ် ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် အရွယ်ရောက်သော သားသမီး သို့မဟုတ် မြေးများက လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ယင်းတို့အပေါ် သက်ဆိုင်ရာ တရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ လျှောက်ထားမှုတွင် လျှောက်ထားခံရသူသားသမီး သို့မဟုတ် မြေးသည် မိဘ ဘိုးဘွားကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိသော လျှောက်ထားခံရသူ မိမိအပြင် အခြားသားသမီးများ၊ မြေးများ ရှိပါက ယင်းတို့ကို ပူးတွဲလျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တောင်းဆိုခွင့် ရှိသည်။

၂၀။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၁၉ အရ စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားခံရသူက လုံလောက်သောအကြောင်းမရှိဘဲ စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား လစဉ် သို့မဟုတ် တစ်လုံးတည်းစရိတ်ထောက်ပံ့ရန် ပျက်ကွက်ကြောင်း သက်သေခံအထောက်အထား အထင်အရှား တွေ့ရှိပါက လျှောက်ထားခံရသူကို မိဘ ဘိုးဘွား တစ်ဦးလျှင် လစဉ်ကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ် သို့မဟုတ် တစ်လုံးတည်းစရိတ်ကို ပေးစေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ ချမှတ်သည့်စရိတ်ကို ပေးဆောင်ရန် ပျက်ကွက်ပါက ရာဇဝတ် ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ငွေဒဏ်အရ ကောက်ခံခြင်းတို့ စီရင်ပိုင်ခွင့် ရှိသည်။

(ခ) ပုဒ်မခွဲ(က) အရ အမိန့် ချမှတ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ လျှောက်ထားခံရသူက ၎င်း၏ ဝင်ငွေ လျော့နည်းလာကြောင်း သို့မဟုတ် ဝင်ငွေ မရှိကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြပြီး စရိတ်လျှော့ပေါ့ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်၍ ချမှတ်နိုင်သည်။

၂၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့်မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများ မရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့် ကိစ္စတွင်လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများ မရှိသည့်ကိစ္စတွင်လည်းကောင်း ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ အကူအညီပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း(၇)
## သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်ဝတ္တရားများ

၂၂။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် -

(က) ရပ်ရွာအတွင်းရှိသက်ကြီးရွယ်အိုများကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ယေဘုယျအားဖြင့် တာဝန်ဝတ္တရားများ ရှိကြသည်။

(ခ) သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတက်ကြွရေးအတွက် ဝိုင်းဝန်းအားပေးပြီး ကြည့်ရှုစောင့်ရှောက်မှုပေးရမည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(ဂ) စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အိုများအား မိမိတို့ တတ်စွမ်းနိုင်သမျှ စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ပြုရမည်။

(ဃ) သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူမှုရေးလုပ်ရှားမှုအသွင်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(င) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးအတွက် လူမှုရေးအသိစိတ်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(စ) သက်ကြီးရွယ်အိုဆုံးပါးသွားသောအခါ၌ ၎င်း၏ဈာပနအား စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သည့် ဖြစ်စဉ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ အမြင်များကို သိရှိအောင် ဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့်လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကို ကျောင်းများအပါအဝင် အများပြည်သူအား အသိပညာပေးမှုမြှင့်တင် ဆောင်ရွက်ရမည်။

(ဇ) သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုများကို အားပေးကူညီရမည်။

(ဈ) အိမ်နီးချင်း အပြန်အလှန်ကူညီသော ရိုးရာအစဉ်အလာစေတနာ့ဝန်ထမ်းစိတ်ဓာတ်အား မြှင့်တင်ရန်နှင့် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုများ၏ အိမ်နီးချင်းများကို အားပေးတိုက်တွန်းရမည်။

၂၃။ သက်ကြီးရွယ်အိုများဆိုင်ရာနိုင်ငံတော်၏အခန်းကဏ္ဍမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးများအား ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်မှုပေးခြင်း၊

(ခ) မိသားစုမရှိ၍ ကြည့်ရှုစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သက်ကြီးရွယ်အိုများအား ကိုယ်စိတ်နှစ်ပါး ကောင်းကျိုးချမ်းသာ ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် သင့်တင့်လျောက်ပတ်သော နှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအား ရန်ပုံငွေမှ သင့်လျော်သော စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ လေးစားခံရရေးနှင့် လုံခြုံသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများဖန်တီးပေးခြင်းနှင့် တွန်းအားပေးခြင်း၊

(စ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ချိုးဖောက်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**အခန်း(၈)**

**ဝင်ငွေ ပုံမှန်ရရှိရေး**

၂၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ချင်စိတ်ရှိသော သက်ကြီးရွယ်အိုများအား သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အချိန်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း၊ စွမ်းဆောင်နိုင်စွမ်းရှိသော အလုပ်အကိုင်များကိုလည်းကောင်း သက်ကြီးရွယ်အိုများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပေးနိုင်မည့် သင်တန်းများပေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများပေးသည့် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

၂၅။ နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုခံစားခွင့်ရရှိနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

**အခန်း(၉)**

**သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု**

၂၆။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများ သက်ရှည်ကျန်းမာ၍ သင့်လျော်သောနေရာတွင် နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများအား လက်လှမ်းမီသမျှ ဖြည့်ဆည်းနိုင်ရေး ချိတ်ဆက်ပေးရမည်။

၂၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ဆေးဘက်ဆိုင်ရာဌာနများသည် အရည်အသွေးပြည့်ဝသော သင့်လျော်သော ဆေးဝါးကုသမှုများအား သက်ကြီးရွယ်အိုများ အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် လိုအပ်မည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(ဂ) သက်ကြီးရွယ်အိုဆိုင်ရာသုတေသနလုပ်ငန်းများအား တိုးမြှင့်ခြင်းနှင့် သက်ကြီး အထူးကုဘာသာရပ်အတွက် ကျွမ်းကျင်သူများအား လေ့ကျင့်သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၈။ ကျန်းမာရေးဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုနှင့်လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းသော သက်ကြီးဘဝနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများနှင့် ရောဂါကြိုတင်တားဆီးကာကွယ်ခြင်းများအား နည်းမျိုးစုံဖြင့်ဆောင်ရွက်ရမည်။

၂၉။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အထူးစောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အိုများအား မိမိကိုယ်ကိုပြုစုစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှု၊ ရပ်ရွာမှစောင့်ရှောက်မှုပေးနေသည့် အထူးကိစ္စရပ်များတွင် ပိုမိုပြည့်စုံလုံလောက်သော စောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် -

(က) မိသားစုဝင်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ ပြုစုစောင့်ရှောက်မှုပေးသူများအား သင့်လျော်သော ထောက်ပံ့မှုပေးရမည်။

(ခ) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးသူများအား အားပေးခြင်းနှင့် ဖြည့်စွက်ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးရမည်။

**အခန်း(၁၀)**

**သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာ နေထိုင်နိုင်သောပတ်ဝန်းကျင်ဖြစ်ရေး**

၃၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအပေါ် ခွဲခြားဆက်ဆံခြင်း မရှိစေရန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်ကြောင်း၊ လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးဆောင်ရွက်ပေးလျက်ရှိသောသူများဖြစ်ကြောင်း အသိပညာပေးမှု မြှင့်တင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးခြင်း၊ လက်ခံခြင်းနှင့် ကြိုဆိုခြင်းများစီစဉ်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းအစီအစဉ်၊ အခြေခံအဆောက်အအုံ၊ အမှီခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ဝန်ဆောင်မှုများ၊ ဆက်စပ်ပစ္စည်းများနှင့် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေး စသည့် လိုအပ်ချက်များမြှင့်တင်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်းဆောင်ရွက်ပေးရမည်-

(က) မြို့ရွာများရှိအများပြည်သူအသုံးပြုသည့် နေရာများနှင့် အိမ်ရာများ တည်ဆောက်သောအခါ သို့မဟုတ် ပြန်လည်ပြုပြင်သောအခါ သက်ကြီးရွယ်အိုများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း၊သက်ကြီးရွယ်အိုများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် သင့်လျော်မည့် အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းတပ်ဆင်ပေးခြင်း။

(ခ) သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ဖြည့်ဆည်းသင့်သည့်အသုံးအဆောင်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယန္တရားများကို လွယ်ကူစွာ အသုံးပြုနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအား လမ်းညွှန်မှုပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း။

(ဂ) သက်ကြီးရွယ်အိုများအတွက် အထူးဆေးကုသမှု ခံယူရာ၌လည်းကောင်း၊ အများပြည်သူသွားရောက် လည်ပတ်ရာနေရာများအား ဝင်ရောက်ကြည့်ရှုရာ၌ လည်းကောင်း၊ ဝန်ဆောင်မှုများ အသုံးပြုရာ၌ လည်းကောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယန္တရားများ အသုံးပြုရာ၌လည်းကောင်း ဈေးနှုန်းသက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း။

၃၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ နေ့စဉ်ဘဝလှုပ်ရှားမှုအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ကွန်ရက်ဖွဲ့စည်းမှုနှင့် ရပ်ရွာဝန်ဆောင်မှုများအား တစ်ဆင့်ပြီးတစ်ဆင့်တည်ဆောက်သွားရမည်။

၃၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေး စသည့်လိုအပ်ချက်များကို မြှင့်တင်ပေးရေးအတွက် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု**

၃၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရန် အလို့ငှာ လူမှုဝန်ထမ်းဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အားပေးတိုက်တွန်းရမည်။

၃၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအစီအစဉ်များရေးဆွဲခြင်း၊သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအားရရှိစေရန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွင်း လူမှုရေးနှင့်ယဉ်ကျေးမှုအခမ်းအနားများတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ပေးခြင်းတို့အတွက် သက်ကြီးရွယ်အိုများကိုယ်တိုင် ဦးဆောင်သော အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုအဖွဲ့အစည်းများအား ငွေကြေးဖြင့်ဖြစ်စေ၊ အခြားပုံစံများဖြင့်ဖြစ်စေ ထောက်ပံ့မှုပြုရမည်။

**အခန်း(၁၂)**

**သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း**

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရေးအတွက် လိုအပ်သော အစီအစဉ်များနှင့် စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျမှန်ကန်စေရန်အလို့ငှာ သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့်ခရိုင် သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိများကို တာဝန်ပေးရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့်ခရိုင် သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအရာရှိသည် -

(က) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏စာရင်းကို ကောက်ယူပြီး သက်ကြီးရွယ်အို သက်သေခံကတ်ပြားများကို အခမဲ့ ထုတ်ပေးရမည်။

(ခ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရာတွင် စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစားခွဲခြား ဖော်ပြ၍ ထုတ်ပေးရမည်။

၃၈။ သက်ကြီးရွယ်အိုများသည် -

(က) သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံသက်ကြီးရွယ်အိုသက်သေခံကတ်ပြားကိုပြသပြီး ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်။

(ခ) မိမိတို့အား ထုတ်ပေးထားသော သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို အခြားသက်ကြီးရွယ်အို တစ်ဦးဦးအား လွှဲပြောင်းပေးခြင်း မပြုရ။

၃၉။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ကြီးရွယ်အိုတစ်ဦးဦးက ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး ဤဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုသည့်အခါ ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း မပြုရ။

**အခန်း(၁၃)**

**ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း**

၄၀။ ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းသည် ဘိုးဘွားရိပ်သာကို တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ၊ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ကို လျှောက်ထားရမည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးသည် ပုဒ်မ ၄၀ အရ ဘိုးဘွားရိပ်သာတည်ထောင် ဖွင့်လှစ်ရန် ခွင့်ပြုမိန့် သို့မဟုတ် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ထုတ်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိစိစစ်ဆေးပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန်သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၄၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) ပုဒ်မ၄၁အရ တင်ပြချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထုတ်ပေးရန်ခွင့်ပြုပါကစည်းကမ်းချက်များ သတ်မှတ်၍လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါ စီးပွားရေးအလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။ အကယ်၍ စေတနာ့ဝန်ထမ်းပရဟိတ လုပ်ငန်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ကင်းလွတ်ခွင့် ပြုရမည်။

၄၃။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာများကိုလည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိများအားတာဝန်ပေးနိုင်သည်။

၄၄။ ဘိုးဘွားရိပ်သာတာဝန်ခံသည် -

(က) ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီကို သတ်မှတ်ချက်များနှင့် အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်။

စာမျက်နှာ ၁၇ သို့

## ဥပဒေကြမ်း

စာမျက်နှာ ၁၆ မှ

(ခ) ဘိုးဘွားများအား စိစစ်လက်ခံခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်ကြီးကြပ်ရမည်။

(ဂ) ဘိုးဘွားရိပ်သာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနသို့ အစီရင်ခံရမည်။

**အခန်း(၁၄)**

**လူမှုရေးအသင်းအဖွဲ့များအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း**

၄၅။ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ တစ်ခုခုသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (အမှတ် ၃၁/၂၀၁၄) အရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိလျှင် ယင်းမှတ်ပုံတင်လက်မှတ်မိတ္တူ ပူးတွဲ၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၄၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၄၅အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

**အခန်း(၁၅)**

**ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၄၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား ဒေသတွင်း အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ပေးသွင်းသောငွေများ၊

(င) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၄၉။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေ ထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက်လိုအပ်ပါက မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေမှ သင့်လျော်သောထောက်ပံ့ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၅၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်စဉ် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်စဉ် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၆။ ရန်ပုံငွေသို့ဖြစ်စေ၊ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများသို့ ဖြစ်စေ၊ ထောက်ပံ့လှူဒါန်းသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝင်ငွေခွန်ပေးဆောင်ရာတွင် အဆိုပါ ထောက်ပံ့လှူဒါန်းသောငွေကို နုတ်ပယ်ခွင့်ရှိသည်။

**အခန်း(၁၆)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၅၇။ ဤဥပဒေအရ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကိုပေးရမည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အိုတစ်ဦးဦးက သက်ကြီးရွယ်အို သက်သေခံကတ်ပြားကိုပြသပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ခံစားခွင့်ပြုရန် တောင်းဆိုခြင်းကိုငြင်းပယ်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို သက်ကြီးရွယ်အိုကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကို တည်ထောင်ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း တစ်ခုခုကို လုပ်ငန်းလုပ်ကိုင်ခွင့်မရှိဘဲ စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၇)**

**အထွေထွေ**

၆၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၏ နိုင်ငံ့ဝန်ထမ်း မဟုတ်သောအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၆၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လိုအပ်ပါက အဆောက်အအုံများအတွင်းသို့ အသိပေးအကြောင်းကြားပြီး ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးခြင်းနှင့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ပြစေခြင်းတို့ ပြုနိုင်သည်။

၆၄။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၆။ ဤဥပဒေအရပေးအပ်သော သက်ကြီးရွယ်အိုဆိုင်ရာ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့် ဒေသဆိုင်ရာကော်မတီ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၆၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

## ဘားအံပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် (၁၃) ကြိမ်မြောက် သွေးလှူ

**ဘားအံ ဇွန် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဘားအံမြို့ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များက အရေးပေါ်လိုအပ်လာသောလူနာများ အဆင်ပြေစေရန်အတွက် ရည်ရွယ်၍ (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇွန် ၂၃ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းရာတွင် အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင် ၂၀ အား ဘားအံဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်နှင်းမြိုင်ဦးဆောင်၍ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက လိုအပ်သော ဆေးစစ်မှုများ ပြုလုပ်ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါ သွေးလှူဒါန်းနေမှုကို အမှတ်(၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ရေးအရာရှိ ဒုတိယရဲမှူးမင်းကိုနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်၊ ဘားအံဆေးရုံအုပ် ဒေါက်တာသီတာစိုးတို့က ကြည့်ရှုအားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်၊ အားဆေးများ ထောက်ပံ့ပေးခဲ့သည်။

ယခုလိုလစဉ်ပုံမှန် စုပေါင်းသွေးလှူဒါန်းခဲ့ရာ ဇွန်လအထိ (၁၃) ကြိမ်မြောက် လှူဒါန်းခဲ့ရာ သွေးပုလင်း ၂၀ ဖြစ်ပြီး စုစုပေါင်း သွေးလှူဒါန်းနိုင်မှု ၅၈၈ ပုလင်းကို ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ပြည်သူအကျိုးပြု လှူဒါန်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ ကတ္တရာထပ်ပိုးလွှာခင်း

**ပဲခူး ဇွန် ၂၇**

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော ရေတာရှည်မြို့ စိတ္တသုခလမ်း တိုးချဲ့ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးလှိုင်လှိုင်ဦးက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြန်မာအမျိုးသမီးများနေ့အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျောက်ပန်းတောင်းမြို့၌ ပြုလုပ်

**ကျောက်ပန်းတောင်း ဇွန် ၂၇**

ကျောက်ပန်းတောင်းမြို့နယ်တွင် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၄ ရက် နံနက်က မြပါရမီကျောင်းအနီး အရှေ့မြို့ပတ်လမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရနှစ်ရှည်ပင်များဖြစ်သော ကုက္ကိုပျိုးပင် ၂၅၀၊ ရင်းမာပျိုးပင် ၁၅၀နှင့် စိန်ပန်းကြီးပျိုးပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၅၀၀ တို့ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၁၅၀ ဖြင့် စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အလက(ခွဲ)ရွာသစ်ရပ်ကွက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တိုးချဲ့ကျောင်းဆောင်သစ်တည်ဆောက်ခြင်း အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၂၇**

ပဲခူးမြို့နယ် ရွာသစ်ရက်ကွက် အလက(ခွဲ) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ခြင်း အခမ်းအနားရှင်းလင်းပွဲကို ဇွန် ၂၅ ရက်တွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းက ပြုလုပ်ခဲ့ကြသည်။

အဆိုပါ တိုးချဲ့ကျောင်းဆောင်ကို ရပ်ကွက်မှ အလှူခံပြီးတိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ကြောင်းနှင့် ပိုသောငွေများကို စာရေးစားပွဲခုံများ ပြုလုပ်ခဲ့ကြောင်း တိုးချဲ့ကျောင်း အကျိုးတော်ဆောင်အဖွဲ့က ရှင်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်ပညာရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းနှင့် ကျောင်းသားမိဘ ၂၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဌေးနိုင်(ပဲခူး)**

## စိုက်ပျိုးရေးဆိုင်ရာဥပဒေများရှင်းလင်းခြင်းနှင့် နည်းပညာပေးသင်တန်း ဖွင့်လှစ်

**တာချီလိတ် ဇွန် ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ၏ မိသားစုဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မျိုးစေ့များ စသည့်စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များအနေဖြင့် ဥပဒေများအား တိတိကျကျလိုက်နာဆောင်ရွက်နိုင်စေရန်၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ ပြည်ပမှတင်သွင်းသည့် စိုက်ပျိုးရေးပစ္စည်းများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဆိုင်ရာဥပဒေများ ရှင်းလင်းခြင်းနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက မယ်ခေါင်ရပ်ကွက်ရှိ အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန (ကျိုင်းတုံ)မှ ပြည်နယ်ဒုတိယဦးစီးမှူး ဦးတင်ဦး က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် မျိုးစေ့ဆိုင်ရာဥပဒေနှင့် မျိုးကောင်းမျိုးသန့်များ စနစ်တကျစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးနည်း၊ ပိုးသတ်ဆေးဆိုင်ရာဥပဒေ၊ ပိုးမွှားရောဂါကျရောက်မှုလက္ခဏာများနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ရော်ဘာမျိုးပွားနည်း၊ စိုက်ပျိုးနည်း၊ အပင်ပြုစုနည်းနှင့် အစေးခြစ်နည်း၊ မြေဩဇာဆိုင်ရာဥပဒေနှင့် အပင်အာဟာရချို့တဲ့မှုလက္ခဏာများအကြောင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တာချီလိတ်မြို့နယ်ရှိ ဝမ်လုံးကျေးရွာအုပ်စု၊ မိုင်းကိုးကျေးရွာအုပ်စု၊ မိုင်းဖုန်း(က)၊ မိုင်းဖုန်း (ခ) ကျေးရွာအုပ်စုများမှ သင်တန်းသားတောင်သူ ၅၂ ဦး၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့ရှိ ဌာနဝန်ထမ်း ၄၀ စုစုပေါင်း ၉၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တွန်းဇန် ဇွန် ၂၇**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီအို၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့သည် ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက် နံနက် ၈ နာရီက တွန်းဇန်-ကျီခါးလမ်း နတ်ဇန်မဏိပူရ် မြစ်ကူးတံတားတည်ဆောက်မည့်အခြေအနေ၊ တွီးတွိန်းတံတားနှင့် တွီးဆွောင်းတံတား တည်ဆောက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ဆက်လက်၍ တွန်းဇန်-ကျီခါးရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသော ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်/ပြည်နယ်ဦးစီးမှူးများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးခဲ့သည်။

ယင်းနောက် တွန်းဇန်နှင့်ကျီခါးမြို့ မြို့မိမြို့ဖများက မိမိတို့မြို့နယ်အတွင်း အဓိကလိုအပ်နေသော လမ်းတံတား၊ လျှပ်စစ်မီး၊ မြို့တော်ခန်းမတည်ဆောက်ပေးနိုင်ရန်စသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။ ယင်းတင်ပြချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးနှင့် ပြည်နယ်/ခရိုင်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းပြီးနောက် လုပ်ငန်းလိုအပ်ချက်အပေါ် ချင်းပြည်နယ်ဝန်ကြီးချုပ်က ထပ်ဆင့်ရှင်းလင်းခဲ့သည်။

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောက်လုပ်လျက်ရှိသည့် တိုးချဲ့လူနာဆောင် ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

**တွန်းဇန်မြို့နယ်(ပြန်/ဆက်)**

## စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် ရေမြောင်းများပိတ်ဆို့



**ကျောက်တန်း ဇွန် ၂၇**
ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ စည်ပင်ဈေးတွင် လူသုံးကုန်၊ စားသောက် ကုန်၊ ဟင်းသီးဟင်းရွက်နှင့် အမဲသား၊ ငါးများရောင်းချလျက်ရှိသည်။

တစ်နေ့တာထွက်ရှိလာသည့် စွန့်ပစ် ပစ္စည်းများဖြစ်ကြသည့် ဘူးခွံ၊ ပုလင်းခွံ၊ စက္ကူစုတ်၊ ပလတ်စတစ်စုတ်၊ ဟင်းသီးဟင်းရွက်ပုတ်နှင့် သားငါးအပိုင်းအစများ စွန့်ပစ်ရန် နေရာအတိအကျ သတ်မှတ်ထားခြင်းမရှိ၍ ဈေးနှင့်နီးနီးမြို့အဝင် ရေမြောင်းတွင် စွန့်ပစ်နေမှုကြောင့် မြို့အင်္ဂါရပ်နှင့် မညီအောင်နံစော် ညစ်ပတ်လျက်ရှိသည်။

မြို့တွင်းတွင်လည်း အမှိုက်သိမ်းစနစ်မရှိ၍ ကြုံရာမြောင်းကြိုမြောင်းကြားများတွင် စွန့်ပစ်နေမှုကြောင့် မကြာခဏရေမြောင်းပိတ်ဆို့မှုများ ဖြစ်နေရာ ဒေသခံမြို့သူ မြို့သားများက မြို့တွင်းအမှိုက်သိမ်းစနစ်ဖြင့် အမှိုက်သိမ်းကား လိုအပ်လျက်ရှိကြောင်းသိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## အခွန်ကောက်ခံခြင်းဆိုင်ရာ ရှင်းလင်းခြင်း အခမ်းအနားထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဇွန် ၂၇**
ပြည်တွင်းအခွန်များဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစိုးရဌာနဆိုင်ရာများအား ဌာန၏ လုပ်ငန်းများအတွက် အခွန်ကောက်ခံခြင်း ရှင်းလင်းခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် အဆင့် ၉၄၃ ဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ ၁၀၀၀ ဦးစာရင်းဝင်သူ ထားဝယ်မြို့နယ်မှ F22 Sunny Construction Co; Ltd အား ပြည်တွင်းအခွန်များဦးစီးဌာန နေပြည်တော်မှပေးပို့လာသော ဂုဏ်ပြုလွှာမှတ်တမ်းကို F22 Sunny Construction Co; Ltd မှ ဦးဆန်းနီအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးတင်မောင်ဆွေက အခွန်ကောက်ခံခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသောဌာနဆိုင်ရာများက သိရှိလိုသည်များမေးမြန်းရာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**



**ရက် ၁၀၀ စီမံချက်အရ စားသုံးရန်မသင့်သည့်မုန့်များ ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနဆေးရုံအုပ် ဒေါက်တာနန်းရူပဟန်ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့တို့မှဝန်ထမ်းများလိုက်ပါလျက် သီပေါမြို့ အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဇွန် ၂၄ ရက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**
သတင်းနှင့် ဓာတ်ပုံ - မြို့နယ် (ပြန်/ဆက်)

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဟောပြော

**ကျိုက်ဒုံ ဇွန် ၂၇**
ကရင်ပြည်နယ် ကျိုက်ဒုံမြို့ အလက စာသင်ကျောင်း၌ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့စခန်းမှူးရဲအုပ် ဝင်းမင်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုရှင်းလင်းပြောကြားပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများနှင့် သတင်းစကား လက်ကမ်းစာစောင်များကို ပြည်သူများထံဖြန့်ဝေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာအထက်တန်းကျောင်းများသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်း

**ရေဦး ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေပြာကျေးရွာ အောင်ဇမ္ဗူတောရဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယကဆရာတော်ကြီးစီစဉ်မှုဖြင့် လက်တော့ပ်ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အထက (၁) နှင့် အထက (၂) ကျောင်းများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ အောင်ဇမ္ဗူဆရာတော်ကြီးမိန့်ကြားတော်မူသည့် အနာဂတ်ပညာရေးရည်ရွယ်ချက်များကို မော်လမြိုင်မြို့ အောင်ဇမ္ဗူကျောင်းတိုက်ဓမ္မရိပ်သာဆရာတော် ဦးအာစာရက မြွက်ကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေက ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာအသုံးပြုတတ်အောင် အချိန်ပေးလေ့ကျင့် သင်ကြားသွားနိုင်ရေးကို ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်က အထက (၁) နှင့် အထက (၂) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှစ်ဦးထံ ကွန်ပျူတာ ၁၀ လုံးစီ လှူဒါန်းပေးခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကွန်ပျူတာများ ထောက်ပံ့လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အောင်ဇမ္ဗူသာသနာပြုအဖွဲ့ဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **သန်းထိုက်(ရေဦး)**

# ဂျပန်နိုင်ငံ၏ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာ ချေးငွေဖြင့် မော်လူးကျေးရွာတွင် လျှပ်စစ်ဓာတ်အားခွဲစက်ရုံတည်ဆောက်ပြီးစီး



**မုံရွာ ဇွန် ၂၇**
ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းပြီး စစ်ကိုင်း တိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူး ကျေးရွာတွင် ၃၃/၁၁ ကေဗွီလိုင်းဆွဲခြင်းနှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

မော်လူးကျေးရွာတွင် ယခင်က အင်းတော်မြို့ ၃၃/၁၁ ကေဗွီ (၂+၂)အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီလိုင်းဖြင့် ချိတ်ဆက်အသုံးပြုခဲ့ရာ ဓာတ်အားလုံလောက်မှုမရှိသဖြင့် အဆိုပါကျေးရွာတွင် ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"မော်လူးမှာလက်ရှိ လူဦးရေအရ လျှပ်စစ်မီးသုံးစွဲမှု မလုံလောက်တဲ့အတွက် ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ အခုလိုဓာတ်အားခွဲရုံ တည်ဆောက်ခဲ့တာပါ။ ဇွန်လ တတိယပတ်ကစပြီး လျှပ်စစ်ဓာတ်အားကို ပြည်သူများသုံးနေပြီး ကျေးရွာအနေနဲ့ ဓာတ်အားခွဲရုံ တည်ဆောက်တဲ့အတွက် ဟိုတုန်းကဖြစ်တဲ့ ဗို့အားကျဆင်းမှု၊ ဓာတ်အားပျောက်ဆုံးမှုတွေ လျော့နည်းတဲ့ ဒုက္ခတွေကင်းပြီး လျှပ်စစ်ဓာတ်အားကို အပြည့်အဝ သုံးနိုင်နေပါပြီ" ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်လူးကျေးရွာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး အတွက် ၃၃ ကေဗွီလိုင်း ၁၇ ဒသမ ၅ မိုင် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ ၁၁ ကေဗွီလိုင်း နှစ်မိုင်၊ ၁၁/ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး ၄၀၀ ဗို့အား ဓာတ်အားလိုင်း အရှည်တစ်မိုင်ကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာချေးငွေဖြင့် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# လက်ပံပင်ကျေးရွာမှ ရွာပေါင်းများစွာ မှီခိုအားထားရသည့် ချောင်းမင်းကန်ကြီးအား Volunteer Group မှလူငယ်များ စုပေါင်း၍ ကန်တာချဲ့ပြုပြင်ခြင်းများ ဆောင်ရွက်



**ကျောက်ပန်းတောင်း ဇွန် ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာအနီးရှိ ချောင်းမင်းကန်ကြီးအား ကန်တာချဲ့ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို အများပြည်သူ စုပေါင်းလှူဒါန်းငွေများဖြင့် ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် သတ်မှတ်လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီကန်တူးတဲ့လုပ်ငန်းကို ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့ပေါ်က Volunteer Group လူငယ်တွေစုပေါင်းပြီး ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့အဖွဲ့နဲ့ဆက်စပ်ပြီး ရန်ကုန်မြို့ မေတ္တာဖြူအင်အားစုကလည်း သူတို့လည်း မတည်လှူဒါန်းမယ်ဆိုပြီး ငွေ ၅၅ သိန်းကျော်လှူပါတယ်။ နောက်ပြီး ကန်တူးတဲ့နေရာမှာသုံးဖို့လည်း ဘက်ဖိုး(မြေကော်စက်)တစ်စီး ငှားပေးပါတယ်။ ကျန်တဲ့စက်သုံးဆီနဲ့ ဝေယျာဝစ္စသုံးနိုင်ဖို့အတွက်က မြို့ပေါ်ကရော ရပ်နီးရပ်ဝေးကရော တစ်သောင်း၊ နှစ်သောင်းကစ ငါးသောင်း၊ တစ်သိန်း လာလှူကြပါတယ်။ ဒီကန်ကြီးတူးပြီးသွားရင် တခြားပြုပြင်တူးဖော်ဖို့လိုအပ်နေတဲ့ မိုးရေလှောင်ကန်တွေကို ဆက်တူးသွားဖို့ စီစဉ်ထားပါတယ်" ဟု Volunteer Group မှ ကိုသက်ဝင်းက ပြောပြသည်။

ယင်းလူငယ်အဖွဲ့မှာ နွေရာသီကာလ ကျေးရွာများ သောက်သုံးရေ ခက်ခဲပြတ်လပ်မှုများဖြစ်ပေါ်နေချိန်တွင် နေ့စဉ်ရက်ဆက် သွားရောက်လှူဒါန်းပေးခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် နတ်မောက်မြို့နယ်၊ ချောက်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်များအထိ ကျေးရွာများ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် လှူဒါန်းဆောင်ရွက်ပေးခဲ့ကြသည်။

ယခုပြုပြင်ဆောင်ရွက်နေသည့် ချောင်းမင်းကန်ကြီးသည် ရှေးယခင်ကတည်းက အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် နှစ်ကျပ်ခွဲ၊ တောင်ဇင်၊ ရွှေနောက်စမ်း၊ ထန်းတောကြီး၊ စပါယ်ပင်၊ ကန်နီစု၊ တင့်ကန်အစရှိသည့် ကျေးရွာပေါင်း ၁၅ ရွာခန့်က စုပေါင်းသုံးစွဲခဲ့ကြသည့် ကန်ကြီးဖြစ်ကြောင်း သိရပြီး ကန်ကြီးကို ရေဝင်လမ်းများ၊ ရေစစ်ကန်များ၊ ရေလွှဲရေလျှံကန်များဖြင့် စနစ်တကျ တည်ဆောက်ထားခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းရေဝပ်ဧက ၂၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းမင်းကန်ကြီးကို ၂၀၁၂-၂၀၁၃ ခုနှစ်ကလည်း စက်ယန္တရားများဖြင့် တစ်ကြိမ်ပြုပြင်ဆောင်ရွက်ခဲ့ကြပြီး ယခုတစ်ကြိမ်တွင် ကန်တာချဲ့ခြင်းလုပ်ငန်းကို အကျယ်ခြောက်ဧက၊ အနက်ရှစ်ပေဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကန်တူးခြင်းလုပ်ငန်းကို ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီးပါက ကန်၏ရေဝပ်ဧက ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်။ ရေဧကပေ ပိုမိုဝင်ဆံ့လာမည်ဖြစ်သဖြင့် နွေရာသီကာလ ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေခက်ခဲပြတ်လပ်မှုမရှိစေရေး ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ထွယ်ဆန်ယန်ကျေးရွာတွင်းလမ်းပေါ်၌ ကွန်ကရစ်တံတားအမှတ် (၂) တည်ဆောက်ပြီးစီး

**ဖားကန့် ဇွန် ၂၇**
မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်နေပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် လမ်းတံတားလုပ်ငန်းများ အလေးထားအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ကာမိုင်းမြို့ ထွယ်ဆန်ယန်ကျေးရွာတွင်းလမ်းပေါ်၌ ကွန်ကရစ်တံတား အမှတ်(၂) ကို တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁ ဒသမ ၆ သန်းဖြင့်ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်ကပြောသည်။

**(၄၉၉)**

## ဘီးလင်းမြို့နယ်တွင် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြား

**ဘီးလင်း ဇွန် ၂၇**
ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ဆိုင်ရာများရှင်းလင်း ဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက ပြင်ဆင်ပြောင်းလဲ ကောက်ခံသည့် ၂၀၁၆ ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများဖြစ်သော အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်များ၏ ဥပဒေနှင့် အမျိုးအစားအလိုက် ကောက်ခံသည့် အခွန်နှုန်းထားများနှင့် အခွန်ထမ်းပြည်သူများက မိမိတို့ပေးဆောင်ရမည့် အခွန်ကိုထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့တာဝန် ကျေပွန်ရေး၊ ရရှိလာသည့်အခွန်ဝင်ငွေဖြင့် နိုင်ငံတော်မှ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများတွင် ခွဲဝေသုံးစွဲမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက သိရှိလိုသည့် မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်း ဖြေကြားပြီး အခွန်ဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးမျိုးမျိုးစံ(ပြန်/ဆက်)**

## အထက(ဟိုနား) တွင် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်၍ ရေလှောင်ကန်လှူဒါန်း

**မိုင်းဖြတ် ဇွန် ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းက ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ခြင်းနှင့် ကျောင်းရေလှောင်ကန် ဆောက်လုပ်လှူဒါန်းပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက အထက(ဟိုနား) ကျောင်းရေ လှောင်ကန်ရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းက ကျောင်းသား၊ ကျောင်းသူများ စာပေအသိပညာကြိုးစားသင်ယူရေးနှင့် စာသင်ကျောင်းအတွက် လိုအပ်ချက်များကို လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီးဟိုနား (စောမွန်) ကျေးရွာနေ မိသားစုအခက်အခဲရှိသော်လည်း စာကြိုးစားသင်ယူနေသော ဒသမတန်းကျောင်းသား မောင်ချစ်ဟိန်း (ဘောဂဗေဒ) အား ပညာကို ဆက်လက်ကြိုးစားသင်ယူနိုင်ရန် အတွက် ပညာသင်ထောက်ပံ့စရိတ်ကျပ်ခြောက်သိန်းကို ပေးအပ်ခဲ့သည်။

ယင်းအပြင် အထက (ဟိုနား) ကျောင်းအတွက် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရန်အတွက် ဂါလန် ၁၀၀၀ ဆံ့အုတ်ရေလှောင်ကန်ကို ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်

**အင်္ဂပူ ဇွန် ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်း (၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၄ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းထူးခွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးကလည်းကောင်း၊ သင်တန်းဆရာများနှင့် သင်တန်းသားများအား ထောက်ပံ့ကြေးပေးအပ်ခြင်းကို တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းကာလ ၁၅ ရက် ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်များတွင် လုပ်ကိုင်နိုင်သည့်အတွက် မိသားစုဝင်ငွေများတိုးပွားလာမည်ဖြစ်ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပညာပေးလက်ကမ်းစာစောင်များ တက္ကသိုလ်ကျောင်းများတွင်ဖြန့်ဝေ

**မုံရွာ ဇွန် ၂၇**

မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိရှိနားလည်ပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့မှ ရှောင်ကြဉ်ကာ အမျိုးသားရေးတာဝန်အဖြစ် တိုက်ဖျက်သွားနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် မုံရွာခရိုင် ပြန်/ဆက်ဦးစီးဌာနမှ သတင်းစကားလက်ကမ်းစာစောင်များကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ရှိ တက္ကသိုလ်များတွင် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



"မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေကို တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေထံအရောက် ယခုလိုလာရောက် ဖြန့်ဝေပေးတဲ့အတွက် အလွန်ကောင်းပါတယ်။ ကျွန်တော်တို့ လူငယ်လူရွယ်တွေအနေနဲ့ စမ်းသပ်ချင်ကြတဲ့ သဘောရှိကြတယ်လေ။ အဲဒီအချိန်မျိုးမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိပညာပေးမှုတွေ အလွန်းလိုအပ်ပါတယ်။ နိုင်ငံရဲ့ သားကောင်းရတနာတွေဖြစ်တဲ့ လူငယ်တွေ လမ်းမှားမရောက်အောင် ကာကွယ်ဖို့ အလွန်လိုအပ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးကို ကျွန်တော်တို့အနေနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်" ဟု မုံရွာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်သူ ကိုမျိုးကျော်က ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး လက်ကမ်းစာစောင် (သတင်းစကား) ဖြန့်ဝေခြင်းကို မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေး တက္ကသိုလ်တို့တွင် မုံရွာခရိုင်ပြန်/ဆက် ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့ ဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲ ကျင်းပ

**ပုလဲ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဇွန် ၂၂ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် သင်တန်းနားချိန်စာဖတ်ပါခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ ပုလဲမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်သက်ဇော်လတ်က လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးများ အရှိန်တိုးမြှင့်ဖမ်းဆီးအရေးယူမှုအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးကသင်တန်း ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်လာသည့်သင်တန်းကျောင်းအုပ်နှင့် နည်းပြဆရာမများ၊ သင်တန်းသူများအား သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# သန်လျင်မြို့နယ် ကျေးရွာများ၌ ကော်မတီများဖွဲ့စည်း

**သန်လျင် ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သန်လျင်မြို့နယ်ရှိ ကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဇွန် ၁၆ရက် မှ စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂၂ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ သန်လျင်မြို့နယ်အတွင်းရှိ ဘယက်၊ ဒေးဇတ်၊ သာယာကုန်း၊ ထော်သွန်၊ ဝင်းခနီး ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ ဥပဒေအကြောင်း ရှင်းလင်း

**ကျောက်မဲ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် တောင်သူအကျိုးပြု ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ ဥပဒေရှင်းလင်းပွဲကို ဇွန် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ဓာတ်မြေသြဇာရောင်းချသူများအနေဖြင့် အရည်အသွေးစစ်မှန်သော ဓာတ်မြေသြဇာများကို ရောင်းချမှ အသုံးပြုသူ တောင်သူများအနေဖြင့် လူထုအကျိုးစီးပွားကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးက ဥပဒေအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူအေးက ရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်နွယ်က မြေသြဇာဥပဒေနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချောစုထွေးက ပိုးသတ်ဆေးဥပဒေများကို အသီးသီးရှင်းလင်း ဆွေးနွေးခဲ့သည်။

တောင်သူများ မြေသြဇာနှင့်ပိုးသတ်ဆေး သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းရန် အတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များမှ ဥပဒေနှင့်အညီ ရောင်းချခြင်းဖြင့် တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်ပြီး အသုံးဝင်မှုနှင့် အန္တရာယ်များကို တောင်သူများ သိရှိစေရန်ရည်ရွယ်၍ ရှင်းလင်းခြင်းဖြစ်ပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအရောင်းဆိုင် ပိုင်ရှင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကနီမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

**ကနီ ဇွန် ၂၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးဦးဆောင်၍ မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က ကနီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုင်းမြင့်အောင် လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အလားတူ နတ်ရဲတောင်ကျေးရွာအုပ်စု ပျဉ်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင်လည်း မြို့နယ်လက်ထောက်ဦးစီးမှူးနှင့်အဖွဲ့မှ တစ်ပြိုင်တည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် "ကျွန်တော်တို့အဖွဲ့အနေဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့်ကျောင်းသား၊ ကျောင်းသူ ၈၄ ဦးနှင့် ပျဉ်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ၉၇ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သစ္စာစီမံချက်ဖြင့် မြို့နယ်တွင်းတွင် အခြားမြို့နယ်များမှ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် အခြေအနေအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ကြပြီး အိမ်ထောင်စုစာရင်းမရှိသေးသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများကို ရရှိကိုင်ဆောင်နိုင်ရေးအတွက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။ **သန်းဌွေးအောင်(ကနီ)**

# မင်းဘူး(စကု) မြို့နယ် ပိုက်သင်ကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မင်းဘူး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ပိုက်သင်ကျေးရွာတွင် ပထမရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းဦးဆောင်သော မြို့နယ်အဆင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ဇွန် ၂၂ ရက်တွင် ပိုက်သင်ကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။



ယင်းနောက် အဆိုပါကျေးရွာအတွင်းရှိ လမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ-မရှိ စစ်ဆေးခြင်း၊ ကျေးရွာနယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ်မြေပုံတိုင်းတာခြင်း၊ ကွက်စိတ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ပြင်၊ ဆိုင်ကယ်ပြင်၊ စက်မောင်းနှင့် ဝပ်ရှော့သင်တန်းဖွင့်လှစ်

**ဖားဆောင်း ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် ဖားဆောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စက်ပြင်၊ ဆိုင်ကယ်ပြင်၊ စက်မောင်းနှင့် ဝပ်ရှော့သင်တန်းဖွင့်ပွဲအား ဖားဆောင်းမြို့ ဝမ်အောင်း (ကယား) ကျေးရွာ၌ ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုက်တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေလှိုင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် သင်တန်းနည်းပြနှစ်ဦးဖြင့် သင်ကြားပေးပြီး သင်တန်းသား ၂၀ ရှိကာ သင်တန်းကာလမှာ ၁၅ ရက် ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

"ယခုလို သင်တန်းသို့တက်ရောက်ရသည့်အတွက် ကျွန်တော်တို့ဘဝအတွက် ရပ်တည်နိုင်ဖို့ နည်းပညာရရှိ၍ အလွန်ပင် ဝမ်းသာပီတိဖြစ်မိပါတယ်။ လက်လှမ်းမမီနိုင်တဲ့ ပညာကို ဒီသင်တန်းမှာ ရရှိမှာဖြစ်တယ်။ ဗဟုသုတများစွာလည်း ရရှိမှာဖြစ်တဲ့အတွက် ကြိုးကြိုးစားစား သင်ယူသွားပါ့မယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။ **ကိုစိုင်း(လွိုင်ကော်)**

## ကနီမြို့နယ်တွင် ကျောင်းကျန်းမာရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ကနီ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးရက်သတ္တပတ်ကို ကျောင်းများအလိုက် ကျောင်းသားမိဘ၊ ဆရာ၊ ဆရာမများ၊ ကျောင်းကော်မတီများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးပရဟိတအဖွဲ့များပူးပေါင်း၍ ဇွန် ၂၄ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) မူလွန်ကျောင်းနှင့် အမှတ်(၂) မူလတန်းကျောင်းတို့တွင် ကျောင်းကျန်းမာရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးများသည် ကျောင်းများအတွက် အလွန်အရေးကြီးသဖြင့် အနာဂတ်တွင် တိုင်းပြည်ကို ခေါင်းဆောင်ကြရမည့် လူငယ်ကျောင်းသားများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးရက်သတ္တပတ်ကို ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘ၊ ဆရာ၊ ဆရာမများ၊ ကျောင်းကော်မတီများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးပရဟိတအဖွဲ့များက ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ကျောင်းဆရာတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

## ရက် ၁၀၀ စီမံချက် ပြည်သူ့ဗဟိုပြု အားကစားဆိုင်ရာ ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခန်းပြုလုပ်

**မိုးနဲ ဇွန် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြု အားကစားဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို မိုးနဲမြို့ လွိုင်မြေရပ်ကွက်ရှိ မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်နန်းသန်းသန်းစိုးက အားကစားနည်းစနစ်ဆိုင်ရာ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။ ယင်းနောက် အ. လ. က မြို့မကျောင်းအတွက် အားကစားဆိုင်ရာ အထောက်အကူပြုပစ္စည်းများအားပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းဌေးက လက်ခံရယူခဲ့သည်။



ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှူးက ကျောင်းသူ၊ ကျောင်းသားများနှင့်အတူ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)၊ (၂) အား ကျောင်းအားကစားကွင်းနေရာ၌ သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရွှေဘို ဇွန် ၂၇**

ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဇွန် ၂၃ ရက် နံနက် ၉ နာရီက ရွှေဘိုပေါ်ဆန်းမွှေးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်စားသုံးသူရေးရာ ဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူးနှင့်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ယခင်အလုပ်ရုံဆွေးနွေးပွဲဖော်ထုတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကိုရှင်းလင်းတင်ပြခြင်း၊ ရွှေဘိုပေါ်ဆန်းမွှေးစတင်စိုက်ပျိုးထုတ်လုပ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းတင်ပြခြင်းစသည့်ရွှေဘိုပေါ်ဆန်းမွှေးနှင့်ပတ်သက်သည့်သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ရရှိရေးဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအကြောင်းနှင့် ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ရရှိရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သိကောင်းစရာများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့က ရှေးလုပ်ငန်းစဉ်များချမှတ်ခြင်း၊ ဆွေးနွေးပွဲရလဒ်ဖော်ထုတ်ခြင်းနှင့် အဖွဲ့အစည်းအသီးသီးက အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ဆွေးနွေးပွဲရလဒ်ဖော်ထုတ်ချက်များကို ကြေညာခဲ့သည်။

**စိုးသီဟ(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကျုံပျော် ဇွန် ၂၇**

ကျောင်းသားလူငယ်များ လူကုန်ကူးမှုအား နားလည်သိရှိရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျုံပျော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စခန်းမှူး ဒုရဲမှူး ခိုင်ကျော်ဦးက လူကုန်ကူးခံရသည့်အဓိကအကြောင်းရင်းများနှင့် ကြုံတွေ့ကြရသည့်ဒုက္ခများ၊ လူမှောင်ခိုကူးခြင်းအကြောင်းနှင့် မည်သို့သတိထားရှောင်ရှားသင့်သည်တို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ သိရှိရှောင်ရှားနိုင်ကြစေရန်အတွက် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်အဖြစ် သတင်းစကားလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့သည်။ **နေဝင်း(ပြန်/ဆက်)**

## ပုဂ္ဂလိကဆေးဆိုင်များ၌ အာမခံချက်မရှိသောဆေးဝါးများ ရောင်းချမှုရှိ–မရှိ စစ်ဆေး



**ရေဦး ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း၊ စည်ပင်သာယာရေးကော်မတီ၊ မွေး/ကုဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းက မြို့မစည်ပင်ဈေးကြီးနှင့် ပတ်ဝန်းကျင်ရှိ ပုဂ္ဂလိကဆေးအရောင်းဆိုင်များ၌ တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆေးအရောင်းဆိုင်များဖြစ်သည့် ယူနီယံ၊ အာယုဆေးတိုက်၊ သဗ္ဗသုခ၊ ငွေယမုံ၊ သစ္စာမွန်၊ ပွင့်သစ်ဆေးအရောင်းဆိုင်တို့၌ အဓိကဆေးနှစ်မျိုးဖြစ်သော OralArtemisinin-Monotherapy.ခေါ် ငှက်ဖျားဆေးဝါးများနှင့် Warfarin ခေါ် သွေးကျဲဆေးများ ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခဲ့သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဌေးက ဆေးဝါးအရည်အသွေး အာနိသင်ဘေးအန္တရာယ်ကင်းရှင်းမှုတို့အတွက် အာမခံချက်မရှိသောဆေး၏ အညွှန်းတွင် အိုင်ပီ(IP)ဟုဖော်ပြထားသည့်Warfarin ဆေးဝါးများ မှာယူရောင်းချခြင်း၊ လက်ဝယ်သိုလှောင်ထားခြင်းမျိုး တွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

**သမ်းထိုက်(ရေဦး)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် လေးကေကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ဘီးလင်း ဇွန် ၂၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဘီးလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဘီးလင်းမြို့နယ် လေးကေကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လေးကေကျေးရွာတိုက်နယ်ဆေးရုံ၌ ဇွန် ၂၄ ရက် နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များကို သိရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ဒေသခံရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြရာ သက်ဆိုင်ရာဌာန၏ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက လေးကေကျေးရွာ အထက်တန်းကျောင်း၊ ကျောက်ဆောင်ကျေးရွာ၊ ဝင်းတာပန်ကျေးရွာနှင့် ကြိုးဝိုင်းကျေးရွာ မူလတန်းကျောင်းတို့သို့ ကျောင်းသုံးဗလာစာအုပ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးကေအထက်တန်းကျောင်းသို့သွားရောက်၍ ကလေးများပညာသင်ကြားနေမှုနှင့် ကျောင်းဆောင်အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလက်လှမ်းမီရေး ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**တာချီလိတ် ဇွန် ၂၇**

တာချီလိတ်ခရိုင် ကုသရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေး (MYA 15 A4) Acces; Birth Spacing and SRH Services စီမံချက်လုပ်ငန်း ဆင့်ပွားသင်တန်းဆင်းပွဲကို ဇွန် ၂၂ ရက် ညနေ ၃ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြ မြို့နယ်သူနာပြု-၁ ဒေါ်နန်းခမ်းလှက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သည့် ထောက်ပံ့စ္စည်းများနှင့် သင်တန်းနည်းပြငါးဦး၊ သင်တန်းအထောက်အကူငါးဦး၊ သင်တန်းသား ၄၀ တို့အတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ သင်တန်းနည်းပြ HIV၊ AIDS၊ ကာလသားတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာနန်းမိုမိုဟွမ်နှင့်အတူ နည်းပြများ၊ သင်တန်းသားများက လက်ခံရယူခဲ့သည်။

အဆိုပါ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု ဆင့်ပွားသင်တန်းအား ဇွန် ၂၀ ရက်မှ ဇွန် ၂၂ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး စေတနာ့ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

